www.burmeseclassic.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

# ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေ

# နှင့်

# ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ

၂၀၁၄ ခုနှစ် မေ လ

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

# ၁၉၇၄ ခုနှစ် ဝင်ငွေခွန်ဥပဒေ

နှင့်

# ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ

၂၀၁၄ ခုနှစ် မေ လ

www.burmeseclassic.com

www.burmeseclassic.com

# ၁၉၇၄ ခုနှစ် ဝင်ငွေခွန် ဥပဒေနှင့်

# ၁၉၉၀ ပြည့်နှစ် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ

## မာတိကာ


| အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | ဝင်ငွေခွန်ဥပဒေ | |
| ၁ | | အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | |
| | ၁ | အမည်နှင့်အာဏာတည်သည့်ရက် | ၁ |
| | ၂ | အာဏာတည်စေခြင်း | ၁ |
| | ၃ | အဓိပ္ပာယ်ဖော်ပြချက်များ | ၂-၁၀ |
| ၂ | | ဝင်ငွေခွန်ကျသင့်စေခြင်း | |
| | ၄ | ဝင်ငွေခွန်ကျသင့်စေခြင်း | ၁၀-၁၁ |
| | ၅ | ကင်းလွတ်ခွင့်များ | ၁၁-၁၅ |
| | ၆ | သက်သာခွင့်များ | ၁၅-၁၈ |
| ၃ | | လုပ်ပိုင်ခွင့်နှင့်တာဝန်များ | |
| | ၇ | လုပ်ပိုင်ခွင့်နှင့်တာဝန်များ | ၁၈-၁၉ |
| ၄ | | ဝင်ငွေတွက်ချက်ခြင်း | |
| | ၈ | ဝင်ငွေခေါင်းစဉ်များ | ၁၉-၂၀ |
| | ၉ | လစာ | ၂၀-၂၁ |
| | ၁၀ | အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း | ၂၁-၂၂ |
| | ၁၁ | စီးပွားရေးလုပ်ငန်း | ၂၂-၂၄ |
| | ၁၂ | ပစ္စည်း | ၂၄-၂၅ |
| | ၁၃ | အခြေပစ္စည်းမှ မြတ်စွန်းငွေ | ၂၅ |
| | ၁၄ | စည်းကြပ်မှုမှလွတ်ကင်းနေသောဝင်ငွေ | ၂၅-၂၆ |
| | ၁၄-က | အခြားရလမ်းများမှဝင်ငွေ | ၂၆ |
| | ၁၄-ခ | အခွန်ထမ်း၏စုစုပေါင်းဝင်ငွေတွင် | ၂၆-၂၇ |


www.burmeseclassic.com

www.burmeseclassic.com


| အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | ထည့်သွင်းရမည့်ဝင်ငွေများ | |
| ၅ | | ဝင်ငွေရရှိသည့်အချိန်၌ အခွန်ပေးဆောင်ခြင်း | |
| | ၁၅ | ဝင်ငွေရရှိသည့်အချိန်၌ အခွန်ပေးဆောင်ခြင်း | ၂၇ |
| | ၁၆ | ဝင်ငွေရရှိသည့်အချိန်၌ အခွန်ကိုထုတ်ပေးငွေမှ နုတ်ယူပေးသွင်းရန် နည်းလမ်းများ | ၂၈-၃၀ |
| | ၁၆-က | ဝင်ငွေနှစ်အတွင်း အခွန်ကိုကြိုတင်ပေးဆောင်ရန် နည်းလမ်းများ | ၃၀-၃၁ |
| | ၁၆-ခ | | ၃၁ |
| ၆ | | ဝင်ငွေကြေညာလွှာနှင့် လစာနှစ်ချုပ်စာရင်းပေးပို့ခြင်း | |
| | ၁၇ | ဝင်ငွေကြေညာလွှာ | ၃၁-၃၂ |
| | ၁၈ | လစာနှစ်ချုပ်စာရင်း | ၃၂ |
| ၇ | | ဝင်ငွေခွန်စည်းကြပ်ခြင်း | |
| | ၁၉ | စည်းကြပ်ခြင်း | ၃၃-၃၅ |
| | ၂၀ | ဆုံးရှုံးငွေ ခုနှိမ်ပေးခြင်း | ၃၅ |
| ၈ | | ထူးခြားသောကိစ္စများအတွက် ဝင်ငွေခွန်စည်းကြပ်ခြင်းဆိုင်ရာဆောင်ရွက်ရန်နည်းလမ်းများ | |
| | ၂၁ | စည်းကြပ်ခြင်းမှ လွတ်သွားသည့်ဝင်ငွေ | ၃၆-၃၈ |
| | ၂၂ | မှားယွင်းချက်ကို ပြင်ခြင်း | ၃၉-၄၀ |
| | ၂၃ | သေဆုံးသူနှင့် တရားဝင်မစွမ်းဆောင်နိုင်သူတို့နှင့် စပ်လျဉ်း၍စည်းကြပ်ကောက်ခံခြင်း | ၄၀ |
| | ၂၄ | လုပ်ငန်းရပ်စဲခဲ့လျှင် ခံယူရမည့်တာဝန် | ၄၁ |
| | ၂၅ | စီးပွားရေးလုပ်ငန်းပိုင်ရှင်ပြောင်းလဲခြင်း | ၄၁ |
| | ၂၆ | ပြည်ပနေနိုင်ငံခြားသားများအား စည်းကြပ်ခြင်း | ၄၁-၄၂ |
| | ၂၇ | ကိုယ်စားလှယ်အဖြစ်မှတ်ယူခံရသူများ | ၄၂-၄၃ |
| | ၂၈ | ပင်လယ်ကူးသင်္ဘောဖြင့်သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခြင်းအားစည်းကြပ်ခြင်း | ၄၃-၄၄ |


www.burmeseclassic.com

www.burmeseclassic.com


| အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- | --- |
| | ၂၉ | ဝင်ငွေနှစ်အတွင်း စည်းကြပ်ခြင်း | ၄၄ |
| | ၃၀ | အခြားကိစ္စရပ်များ | ၄၄-၄၅ |
| ၉ | | ပြည်ထောင်အချင်းချင်း သဘောတူ စာချုပ်ချုပ်ဆိုခြင်း | |
| | ၃၁ | အခြားနိုင်ငံများနှင့် အစီအစဉ်ပြုလုပ်ခြင်း | ၄၆ |
| ၁၀ | | အယူခံခြင်း၊ ပြင်ဆင်ခြင်းနှင့် လွှဲအပ်ခြင်း | |
| | ၃၂ | ပထမအယူခံဝင်ခြင်း | ၄၆-၄၉ |
| | ၃၃ | ဒုတိယအယူခံဝင်ခြင်း | ၄၉-၅၁ |
| | ၃၃-က | ကန့်သတ်ချက်များ | ၅၁-၅၂ |
| | ၃၄ | အဆုံးအဖြတ်အတွက်လွှဲအပ်ခြင်း | ၅၂-၅၃ |
| | ၃၅ | ပြင်ဆင်ခြင်း | ၅၃-၅၆ |
| | ၃၆ | အမိန့်မိတ္တူပေးပို့ခြင်း | ၅၆-၅၇ |
| ၁၁ | | ပြန်အမ်းခြင်း | |
| | ၃၇ | ပြန်အမ်းခြင်း | ၅၇-၅၈ |
| ၁၂ | | ပြည်ထောင်စုမြန်မာနိုင်ငံမှ ထွက်ခွာသွားသူများကိစ္စ | |
| | ၃၈ | သက်သေခံလက်မှတ် လိုအပ်ခြင်း | ၅၈-၅၉ |
| ၁၃ | | အခွန်အရကောက်ခံခြင်း | |
| | ၃၉ | အခွန်မပြေ ကျန်ငွေကို ဒီကရီကျငွေကဲ့သို့ အရကောက်ခံခြင်း | ၅၉-၆၂ |
| | ၄၀ | အရကောက်ခံရန်အခြားနည်းလမ်း | ၆၂-၆၅ |
| | ၄၁ | ကြားဖြတ်အမိန့် | ၆၅ |
| ၁၄ | | ထပ်ဖြည့်လုပ်ပိုင်ခွင့်များ | |
| | ၄၂ | သတင်းအချက်အလက်များတောင်းဆိုပိုင်ခွင့် | ၆၆ |
| | ၄၃ | တရားစီရင်ရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်များ | ၆၆-၆၇ |
| | ၄၄ | အဆောက်အအုံများသို့ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့် | ၆၇-၆၈ |
| | ၄၅ | ရှာဖွေခွင့်နှင့်စာရင်းများသိမ်းဆည်းခွင့် | ၆၈-၇၀ |


www.burmeseclassic.com

www.burmeseclassic.com


| အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၅ | | **ပြစ်မှုများနှင့် ပြစ်ဒဏ်များ** | |
| | ၄၆ | ပြဋ္ဌာန်းချက်များလိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့် အတွက်ပြစ်ဒဏ် | ၇၁-၇၄ |
| | ၄၇ | လိမ်လည်ခြင်းအတွက်ပြစ်ဒဏ် | ၇၄-၇၆ |
| | ၄၈ | အဂတိလိုက်စားခြင်းအတွက်ပြစ်ဒဏ် | ၇၆ |
| | ၄၉ | အကြောင်းအချက်များကို ထုတ်ဖော်ခြင်း | ၇၆-၇၇ |
| | ၅၀ | ခွင့်ပြုချက်ဖြင့်တရားစွဲဆိုခြင်း | ၇၇ |
| ၁၆ | | **နည်းဥပဒေများပြုလုပ်ပိုင်ခွင့်** | |
| | ၅၁ | နည်းဥပဒေများ စည်းမျဉ်းများစသည်တို့ပြုလုပ်ပိုင်ခွင့် | ၇၈ |
| ၁၇ | | **အထွေထွေ** | |
| | ၅၂ | စာရင်းများတွင် ပါရှိရမည့် အချက်အလက်များ | ၇၈-၇၉ |
| | ၅၃ | အခွန်တောင်းခံလွှာ | ၇၉ |
| | ၅၄ | ပြေစာများ | ၇၉ |
| | ၅၅ | အကြောင်းကြားစာအတည်ပြုခြင်း | ၇၉-၈၀ |
| | ၅၆ | တာဝန်မှကင်းလွတ်ခွင့် | ၈၀ |
| | ၅၇ | တရားစွဲဆိုခြင်းမှတားမြစ်ခြင်း | ၈၀ |
| | ၅၈ | စည်းကမ်းသတ်ကာလအပိုင်းအခြားတွက်ချက်ခြင်း | ၈၀-၈၁ |
| ၁၈ | ၅၉ | - | ၈၁ |


## ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ


| | | | |
|---|---|---|---|
| ၁ | ၁ မှ ၃ | အမည်၊ အကျိုးသက်ရောက်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက် | ၈၃-၈၆ |
| ၂ | ၄ မှ ၇ | အခွန်ကျသင့်စေခြင်းနှင့်အခွန်ပေးဆောင်ရန်တာဝန် ရှိစေခြင်း | ၈၇-၈၈ |
| ၃ | ၈ မှ ၉ | အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်ပြုခြင်း | ၈၉-၉၀ |
| ၄ | ၁၀ | တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၉၁ |
| ၅ | ၁၁ | မှတ်ပုံတင်ခြင်း၊ လုပ်ငန်းစတင်ကြောင်း အကြောင်းကြား စာပေးပို့ခြင်း | ၉၁-၉၂ |


www.burmeseclassic.com

www.burmeseclassic.com



| အခန်း | ပုဒ်မ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၆ | ၁၂ | လစဉ်အခွန်ပေးဆောင်ခြင်းနှင့်သုံးလတစ်ကြိမ် ကြေညာလွှာပေးပို့ခြင်း | ၉၂-၉၃ |
| ၇ | ၁၃ | နှစ်ချုပ်ကြေညာလွှာပေးပို့ခြင်း | ၉၃ |
| ၈ | ၁၄မှ၁၆ | စည်းကြပ်ခြင်းနှင့် ပြန်အမ်းခြင်း | ၉၄-၉၆ |
| ၉ | ၁၇မှ၁၈ | စည်းကြပ်ခြင်း သို့မဟုတ် ပြန်လည်စည်းကြပ်ခြင်းနှင့် မှားယွင်းချက်ကိုပြင်ဆင်ခြင်း | ၉၆-၉၇ |
| ၁၀ | ၁၉ | အယူခံခြင်း | ၉၈-၁၀၁ |
| ၁၁ | ၂၀ | မြို့နယ်၊ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်က ချမှတ်သောအမိန့်ကိုပြင်ဆင်ခြင်း | ၁၀၂ |
| ၁၂ | ၂၁မှ၂၃ | ပြစ်မှုများနှင့်ပြစ်ဒဏ်များ | ၁၀၃-၁၀၆ |
| ၁၃ | ၂၄ | အခွန်အရကောက်ခံခြင်း | ၁၀၇ |
| ၁၄ | ၂၅မှ၃၂ | အထွေထွေ | ၁၀၇-၁၁၂ |



www.burmeseclassic.com

www.burmeseclassic.com

# ဝင်ငွေခွန်ဥပဒေ

*[ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် - ၇ ]

## အခန်း (၁)

## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ အမည်နှင့်အာဏာတည်သည့်ရက်

(က) ဤဥပဒေကို ဝင်ငွေခွန်ဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၇၄-၁၉၇၅ ခု၊ စည်းကြပ်နှစ် အတွက်မှစ၍ အာဏာတည်ရမည်။

၂။ အာဏာတည်စေခြင်း

ဤဥပဒေသည် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် အာဏာတည်ရမည်။ ထို့ပြင် **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပြင်ပနေ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများပေါ်တွင်လည်း အာဏာတည်ရမည်။

---

* ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၃ အရ ဝင်ငွေခွန်ဥပဒေ၏နိဒါန်းကို ပယ်ဖျက်သည်။

** ၂၀၁၁ ခုနှစ် စကားရပ်များအစားထိုးခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂(က) အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


၃။ အဓိပ္ပာယ် ဖော်ပြချက်များ

ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအဓိပ္ပာယ် သက်ရောက်စေရမည်-

(က) *မြန်မာနိုင်ငံ ဆိုသည်မှာ *ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်၊

(ခ) **ဤဥပဒေ** ဆိုသည်မှာ ဝင်ငွေခွန် ဥပဒေကိုဆိုသည်၊

(ဂ) **နည်းဥပဒေများ** ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများကို ဆိုသည်၊

(ဃ) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် ဝင်ငွေခွန်ဖြစ်ပြီး ဤဥပဒေအရ တပ်ရိုက်သည့် ဒဏ်ငွေလည်း ပါဝင်သည်၊

(င) **အခွန်ထမ်း** ဆိုသည်မှာ ဤဥပဒေအရ ဝင်ငွေခွန် စည်းကြပ်ရန်ရှိသည့် ဝင်ငွေ ရရှိသဖြင့် ထိုဝင်ငွေအတွက် ကျသင့်မည့် ဝင်ငွေခွန်ကို ထမ်းဆောင်ရမည့်သူကို ဆိုသည်၊

---

* ၂၀၁၁ ခုနှစ် စကားရပ်များအစားထိုးခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂(က) အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


(စ) **ဝင်ငွေ** ရရှိသည် ဆိုသည်မှာ ဝင်ငွေ ရရှိခြင်း၊ဝင်ငွေရရှိသည်ဟု မှတ်ယူခြင်း၊ ဝင်ငွေဖြစ်ထွန်းပေါ်ပေါက်ခြင်း သို့မဟုတ် ဝင်ငွေ ဖြစ်ထွန်းပေါ်ပေါက်သည် ဟု မှတ်ယူခြင်းတို့ကိုဆိုသည်၊

(ဆ) **နှစ်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကိုဆိုသည်၊

(ဇ) **ဝင်ငွေနှစ်** ဆိုသည်မှာ ဝင်ငွေရရှိသည့် နှစ်ကိုဆိုသည်၊

(ဈ) **စည်းကြပ်နှစ်** ဆိုသည်မှာ ဝင်ငွေနှစ် နှင့်တစ်ဆက်တည်းဖြစ်သော နောက်နှစ်ကိုဆိုသည်၊

*(ည) **ပုဂ္ဂိုလ်စု** ဆိုသည်တွင် အစုစပ်လုပ်ငန်း၊ ဖက်စပ်လုပ်ကိုင်သည့်လုပ်ငန်း၊ ကုမ္ပဏီ၊ တစ်ဦးချင်းပုဂ္ဂိုလ်တို့ စုပေါင်းထားသည့် အဖွဲ့အစည်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ် အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့၊ သမဝါယမအသင်းနှင့်နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းများ ပါဝင်သည်။

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၄ အရ အစားထိုး ပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



*(ဋ) ပြည်တွင်းနေနိုင်ငံခြားသား ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည်-

(၁) တစ်ဦးချင်းပုဂ္ဂိုလ် ဖြစ်ပါက ဝင်ငွေနှစ်အတွင်း မြန်မာနိုင်ငံ၌ ရက်ပေါင်း တစ်ရာရှစ်ဆယ့်သုံး ရက်ထက်မနည်း နေထိုင်သော နိုင်ငံခြားသား၊

(၂) ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံ၌ မြန်မာနိုင်ငံကုမ္ပဏီ အက်ဥပဒေ အရဖြစ်စေ၊ အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ တည်ထောင်၍ နိုင်ငံခြားသား အစုရှင်များဖြင့် ဖွဲ့စည်းထား သည့် သို့မဟုတ် နိုင်ငံခြားသား အစုရှင်များပါဝင်သည့် ကုမ္ပဏီ၊

(၃) ကုမ္ပဏီမှအပ အခြားပုဂ္ဂိုလ်စု ဖြစ်ပါက မိမိလုပ်ငန်းရေးရာ အဝဝ စီမံအုပ်ချုပ်ခြင်းနှင့် ဆုံးဖြတ်ခြင်း ကိစ္စအားလုံးကို မြန်မာနိုင်ငံ အတွင်း ထားရှိဆောင်ရွက်သော နိုင်ငံခြားသားများဖြင့် ဖွဲ့စည်း

* ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၄ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


ထားသည့် သို့မဟုတ် နိုင်ငံခြားသားများ ပါဝင်သည့်ပုဂ္ဂိုလ်စု၊

(ဌ) **ပြည်ပနေနိုင်ငံခြားသား** ဆိုသည်မှာ ပြည်တွင်းနေနိုင်ငံခြားသား မဟုတ်သည့် နိုင်ငံခြားသားကို ဆိုသည်၊

(ဍ) **ပြည်ပနေနိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံပြင်ပတွင် နှစ်တစ်နှစ်၌ မည်သည့် ကာလအပိုင်းအခြား မဆို နေထိုင်အလုပ်လုပ်ကိုင်၍ ထိုပြင်ပတွင် ဝင်ငွေရရှိသော *ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသား ကိုဆိုသည်၊

(ဎ) **စုစုပေါင်းဝင်ငွေ** ဆိုသည်မှာ ဝင်ငွေနှစ်အတွင်းရရှိသည့် အောက်ပါ ဝင်ငွေကို ဆိုသည်-

(၁) ပြည်တွင်းနေနိုင်ငံသား၊ သို့မဟုတ် ပြည်တွင်းနေနိုင်ငံခြားသား ဖြစ်ပါက မြန်မာနိုင်ငံ အတွင်းမှလည်းကောင်း၊ ပြင်ပမှလည်းကောင်း ရရှိသည့် ဝင်ငွေအားလုံး၊

* ၂၀၁၁ ခုနှစ် စကားရပ်များအစားထိုးခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂(ဘ) အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂) ပြည်ပနေနိုင်ငံသား ဖြစ်ပါက နည်းဥပဒေများအရ ပြဋ္ဌာန်းသည့် ဝင်ငွေအားလုံး၊

(၃) *ပြည်ပနေနိုင်ငံခြားသား၊ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား စီးပွားရေး အဖွဲ့အစည်း ဖြစ်ပါက မြန်မာနိုင်ငံအတွင်းမှ ရရှိသည့် ဝင်ငွေအားလုံး၊

***(ဏ) ကုမ္ပဏီ ဆိုသည်မှာ မြန်မာနိုင်ငံ ကုမ္ပဏီ အက်ဥပဒေတွင် ဖြစ်စေ၊ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် ဖြစ်စေ၊ အဓိပ္ပာယ်ဖွင့်ဆို ထားသည့် ကုမ္ပဏီကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေပါကိစ္စရပ်များ အလို့ငှာ ပြည်ထောင်စုအစိုးရက ကုမ္ပဏီအဖြစ် သတ်မှတ်သော မြန်မာနိုင်ငံ အတွင်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်လျက်

---

* ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၅ အရ အစားထိုးသည်။

** ၂၀၁၁ ခုနှစ် စကားရပ်များအစားထိုးခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၂(ဃ) အရ အစားထိုးသည်။

*** ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၆ အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ရှိသည့် နိုင်ငံခြားစီးပွားရေး အဖွဲ့အစည်းများပါဝင်သည်၊

*(တ) **နိုင်ငံသား** ဆိုသည်တွင် ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများပါဝင်သည်၊

**(ထ) **အခြေပစ္စည်း** ဆိုသည်မှာ မြေ၊ အဆောက်အအုံနှင့် ယင်းတို့၏အခန်းများ၊ယာဉ်နှင့်လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် အစုရှယ်ယာနှင့် ကတိဝန်ခံချုပ်တို့အပြင် ငွေချေးသက်သေခံ လက်မှတ်များ၊ ယင်းတို့ကဲ့သို့သော အလားတူ စာချုပ်စာတမ်းများလည်းပါဝင်သည်၊

***(ဒ) **အခြေပစ္စည်းမှမြတ်စွန်းငွေ** ဆိုသည်မှာ အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း ပြုလုပ်၍ရရှိသော မြတ်စွန်းငွေကိုဆိုသည်။ လွှဲပြောင်းခြင်းဆိုရာ၌ အမွေဆက်ခံခြင်းနှင့် အဖိုးစားနားမပါဘဲ

---

* ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပုဒ်မ ၅ အရ အစားထိုးသည်။

** ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၃(က) အရ အစားထိုးသည်။

*** ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၆ အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com

မေတ္တာဖြင့် ပေးကမ်းခြင်း၊ လှူဒါန်းခြင်းတို့ မပါဝင်စေရ၊

*(ဓ) မြို့နယ်အခွန်ဦးစီးဌာနမှူး ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းကပေးဆောင်ရမည့်အခွန်ကို စည်းကြပ်ကောက်ခံရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိနှင့် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးတို့၌ အခွန်စည်းကြပ်ကောက်ခံရန် တာဝန်ပေးအပ်ထားသော ဦးစီးအရာရှိများကိုဆိုသည်၊

**(န) ပျက်ကွက်သူ ဆိုသည်မှာ အောက်ပါတို့ကို ဆိုသည်-

(၁) ဤဥပဒေအရ တောင်းခံထားသည့် အခွန်အားလုံးကို ဖြစ်စေ၊ တချို့ တစ်ဝက်ကို ဖြစ်စေ သတ်မှတ်ထားသည့် သို့မဟုတ် တိုးမြှင့်သတ်မှတ် ပေးထားသည့်

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၃(က) အရ အစားထိုးသည်။

** ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၅ အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com


အချိန်ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်သူ၊

(၂) ဤဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း အခွန်ကို ပင်ရင်းမှ နုတ်ယူပေးသွင်းရန် ပျက်ကွက်သူ၊

*(ပ) **ငွေချေးသက်သေခံလက်မှတ်** ဆိုသည်မှာ ငွေချေးသက်သေခံ လက်မှတ်များ လဲလှယ် ရောင်းဝယ်ရေး ဥပဒေတွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့် ငွေချေးသက်သေခံလက်မှတ်ကို ဆိုသည်၊

*(ဖ) **စည်းကြပ်မှု** ဆိုသည်မှာ ဤဥပဒေအရ မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ကို တွက်ချက် စည်းကြပ်ခြင်း အပြင် အခွန်ထမ်းကိုယ်တိုင်မှ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝင်ငွေကြေညာလွှာနှင့်အတူ မိမိပေးဆောင်ရမည့်အခွန်ကို ပေးသွင်း၍ စည်းကြပ်မှုခံယူခြင်း၊ ယာယီစည်းကြပ်မှုခံယူခြင်းနှင့် ဝင်ငွေနှစ်အတွင်း စည်းကြပ်မှုခံယူခြင်းတို့လည်း ပါဝင်သည်၊

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၃(ခ) အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



*(ဗ) ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်သွင်းရမည့် အခွန်အကောက်များဆိုင်ရာ ဥပဒေကို ဆိုသည်။

## အခန်း (၂)

## ဝင်ငွေခွန်ကျသင့်စေခြင်း

**၄။ ဝင်ငွေခွန် ကျသင့်စေခြင်း

***(က) မည်သည့် စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည် -

(၁) ဝင်ငွေခွန် စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၃(ခ) အရ ဖြည့်စွက်သည်။

** ၂၀၀၆ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၄ အရ အစားထိုးသည်။

*** ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၄ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com

(၂) ဝင်ငွေအမျိုးအစား တစ်ခုစီ အတွက် ဝင်ငွေခွန်နှုန်းများ၊

(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစား တစ်ခုစီ အတွက် ဝင်ငွေခွန်နှုန်း၊

*(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းပြု သည့်အခါ အဆိုပါ စည်းကြပ်နှစ်နှင့် သက်ဆိုင်သော ဝင်ငွေနှစ်အတွင်း စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ ရရှိသူအားလုံးအား ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် သတ်မှတ်သည့်နှုန်း များဖြင့် ဝင်ငွေခွန်စည်းကြပ်စေရမည်။

**၅။ ကင်းလွတ်ခွင့်များ

(က) ဤဥပဒေသည် အောက်ပါ ဝင်ငွေ အမျိုးအစားတို့နှင့် မသက်ဆိုင်စေရ-

(၁) ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်း တစ်ခုခုက ရရှိ၍ ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး ကိစ္စများအတွက် သက်သက် အသုံးပြုသောဝင်ငွေ၊

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၄ အရ အစားထိုးသည်။
** ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၅ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



(၂) ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့ အစည်း၏ အခွန်အခရရှိငွေ၊

(၃) ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေ၊ လစာဝင်ငွေခေါင်းစဉ်တွင် ပါဝင်သည့် ကရုဏာကြေး၊

(၄) သေဆုံး၍ သို့မဟုတ် ဒဏ်ရာရ၍ ရရှိသည့် လျော်ကြေး၊

(၅) အာမခံပေါ်လစီအတွက် ထုတ်ပေး၍ရရှိငွေ၊

(၆) အဖန်တလဲလဲမဟုတ်ဘဲ တစ်ခါတစ်ရံရရှိသည့်ငွေ၊

သို့သော် အောက်ပါတို့မပါဝင်စေရ-

(ကက) အခြေပစ္စည်းမှမြတ်စွန်းငွေ၊

(ခခ) လုပ်ငန်းတစ်ရပ်ရပ်မှ ရရှိသည့် ဝင်ငွေ၊

(၇) ပုဂ္ဂိုလ်စုတစ်ခုခုမှ ဝင်ငွေခွန်ပေးဆောင်ပြီး ရရှိသည့် အမြတ်ဝေစု၊

(ခ) (၁) ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေရရှိသူတစ်မျိုးမျိုး

www.burmeseclassic.com

www.burmeseclassic.com


နှင့်စပ်လျဉ်း၍ ဖြစ်စေ၊ ဝင်ငွေ တစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေ အမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖြစ်စေ အခွန်ကင်း လွတ်ခွင့်၊ သက်သာခွင့်၊ အခွန် နှင့်စပ်လျဉ်းသည့် အခြားခံစားခွင့် ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်၊

(၂) ပြည်ထောင်စု အစိုးရသည် အောက်ပါ ဝင်ငွေအမျိုးအစား များနှင့် စပ်လျဉ်း၍ ဝင်ငွေခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်း သို့မဟုတ် အခွန်နှင့်စပ်လျဉ်းသည့် အခြား ခံစားခွင့်ပေးခြင်းတို့ကို ပြုလုပ် နိုင်သည်-

(ကက) ပြည်တွင်း ပြည်ပ အလှူရှင်များ၊ နိုင်ငံ တကာအဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စရပ်များ အတွက် လှူဒါန်းခြင်းဖြင့် ရရှိ သည့်ဝင်ငွေ၊

www.burmeseclassic.com

www.burmeseclassic.com



(ခခ) နိုင်ငံတော်အတွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ ပေး အပ်သည့် အထောက် အပံ့များ၊

(ဂဂ) နိုင်ငံတော်မှရယူသည့် သက်သာသောချေးငွေ သို့မဟုတ် တရားဝင် ဖွံ့ဖြိုးမှု အကူအညီ ချေးငွေတို့အတွက် ပေးချေရသည့်အတိုး၊

(ဃဃ) သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ ထောက်ပံ့လှူဒါန်း သည့်ပစ္စည်း သို့မဟုတ် အလှူငွေ၊

(ဂ) အသစ်ထူထောင်သော စက်မှုလက်မှုကို အခြေခံသည့် အသေးစား၊အလတ်စား စီးပွားရေးလုပ်ငန်းတစ်ခုခု သို့မဟုတ် တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လုပ်ငန်းစတင် သော နှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ် ကာလအထိ ပြည်ထောင်စု၏

www.burmeseclassic.com

www.burmeseclassic.com



အခွန်အကောက်ဥပဒေဖြင့် သတ်မှတ်ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေပမာဏအထိ ဝင်ငွေခွန်ကင်းလွတ်ခွင့် ပြုရမည်၊

(ဃ) တည်ဆဲအခြား ဥပဒေတစ်ရပ်ရပ်တွင် ဝင်ငွေခွန်နှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်များ ပြဋ္ဌာန်းပါရှိလျှင် ယင်းပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်။

*၆။ သက်သာခွင့်များ

(က) **မည်သည့် စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အောက်ပါ ခွင့်ပြုငွေတို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ပြုနိုင်သည်-

(၁) ပုဂ္ဂိုလ်စုအတွက် အခြေခံခွင့်ပြုငွေ၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ်အတွက် အခြေခံခွင့်ပြုငွေနှင့် အခွန်ထမ်း၏

---

* ၂၀၀၆ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၅ အရ အစားထိုးသည်။

** ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၆(က) အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


အိမ်ထောင်ဖက်နှင့် သားသမီးများ အတွက် ခွင့်ပြုငွေ၊

*(ခ)

(ဂ) စုစုပေါင်းဝင်ငွေမှ အောက်ပါတို့ကို နုတ်ပယ်၍ ကျန်ငွေအပေါ်တွင် အခွန်တွက်ချက်ပြီးစည်းကြပ်ရမည်-

(၁) ပုဂ္ဂိုလ်စုအတွက်ဖြစ်လျှင် အခြေခံခွင့်ပြုငွေ၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ်အတွက်ဖြစ်လျှင် -

(កក) အခြေခံခွင့်ပြုငွေ၊

(ခခ) အခွန်ထမ်း၏ အိမ်ထောင်ဖက်နှင့် သားသမီးများ အတွက် ခွင့်ပြုငွေ၊

(ဂဂ) အခွန်ထမ်း** နှင့် အိမ်ထောင်ဖက်၏အသက်အာမခံအတွက် ပေးရသော ပရီမီယံ၊

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၆(ခ) အရ ပယ်ဖျက်သည်။

** ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၆ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


(ဃဃ) နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့် ငွေစုဆောင်းခြင်း အတွက် ထည့်ဝင်ငွေ။

**ခြွင်းချက်။** ပုဒ်မခွဲ(က)နှင့်(ဂ)တို့သည် ပုဒ်မ ၁၃ အရ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် တွက်ချက်ခြင်းနှင့် သော်လည်းကောင်း၊ ပုဒ်မ ၂၆ ပါ ပြည်ပနေနိုင်ငံခြားသားနှင့် သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

*(ဃ)

**၆-က။ ပုဒ်မ၆၊ ပုဒ်မခွဲ (ဂ) အရ တွက်ချက်ပြီး စည်းကြပ်ရာတွင် နိုင်ငံတော်အဖွဲ့အစည်း အဆင့်ဆင့်က ကမကထပြုသော သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အသိအမှတ်ပြုသော ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုသို့ ဖြစ်စေ၊ ယင်းကိစ္စများနှင့် သက်ဆိုင်သည့် ရန်ပုံငွေတစ်ရပ်ရပ်သို့ဖြစ်စေ လှူဒါန်းထည့်ဝင်ငွေကိုလည်း နုတ်ပယ်ရမည်။

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၆(ခ) အရ ပယ်ဖျက်သည်။

** ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၆(ဂ) အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ယင်းသို့ လျှုဒါန်း ထည့်ဝင်ငွေသည် အခွန်ကာလ၏ စုစုပေါင်းဝင်ငွေ၏ နှစ်ဆယ့်ငါးရာခိုင်နှုန်းနှင့် ညီမျှသော ငွေထက်မပိုစေရ။

**ရှင်းလင်းချက်။** ကုသိုလ်ရေး ဆိုသည်တွင် ပညာရေး၊ ကျန်းမာရေး၊ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေး အန္တရာယ်ကျရောက်ခံရသူများအား ကယ်ဆယ် စောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။

## အခန်း (၃)

## လုပ်ပိုင်ခွင့်နှင့်တာဝန်များ

၇။ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

*ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေပါလုပ်ပိုင်ခွင့်နှင့် တာဝန်များဆောင်ရွက်ရန်အတွက် အဖွဲ့များ ဖွဲ့စည်းနိုင်သည်။ ထို့အပြင် *ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနသည် လိုအပ်ပါက အမိန့်ကြော်ငြာ စာထုတ်ပြန်၍ ယင်းအဖွဲ့တစ်ခုခု၏ လုပ်ပိုင်ခွင့်နှင့်

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၇ အရ အစားထိုးသည်။

www.burmeseclassic.com



တာဝန်များကို တစ်ဦးတစ်ယောက်အား လည်းပေးနိုင်သည်။

## အခန်း (၄)

## ဝင်ငွေတွက်ချက်ခြင်း

*၈။ ဝင်ငွေခေါင်းစဉ်များ

(က) ဝင်ငွေအသီးသီးကို အောက်ပါဝင်ငွေ ခေါင်းစဉ်အလိုက် တွက်ချက်ရမည်-

(၁) လစာ၊

(၂) အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်း၊

(၃) စီးပွားရေးလုပ်ငန်း၊

(၄) ပစ္စည်း၊

(၅) အခြေပစ္စည်းမှ မြတ်စွန်းငွေ၊

(၆) **စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ၊

(၇) အခြားရလမ်းများမှဝင်ငွေ၊

---

* ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ၉ အရ အစားထိုးသည်။

** ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(ခ)အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



*(ခ) လစာမှဝင်ငွေ၊ အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းမှဝင်ငွေ၊ ပစ္စည်းမှဝင်ငွေ၊ စီးပွားရေးလုပ်ငန်းမှဝင်ငွေနှင့် အခြား ရလမ်းမှဝင်ငွေဖြစ်လျှင် ဝင်ငွေကို စုပေါင်းပြီး စုစုပေါင်းဝင်ငွေအပေါ်တွင် အခွန်စည်းကြပ်ရမည်။ ကျန်ခေါင်းစဉ် များမှ ဝင်ငွေဖြစ်လျှင် ဝင်ငွေခေါင်းစဉ် တစ်ခုချင်းအလိုက် ခွဲခြားပြီး အခွန်ကို သီးခြားစီ စည်းကြပ်ရမည်။

**(ဂ)

၉။ လစာ

မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် အောက်ပါ ဝင်ငွေ တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်း ဆောင်ရမည်-

(က) လစာ၊ လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ ကရုဏာကြေးနှင့်၊

(ခ) လစာနှင့် လုပ်ခအစား၊ သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့်

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၇(က) အရ အစားထိုး သည်။

** ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၇(ခ) အရ ပယ်ဖျက် သည်။

www.burmeseclassic.com

www.burmeseclassic.com



အခကြေးငွေ၊ ကော်မရှင်နှင့် အကျိုး ခံစားခွင့်။

၁၀။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း

(က) မည်သူမဆို အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းမှ မိမိရရှိသည့် ဝင်ငွေ အတွက် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင် ရမည်၊

(ခ) ထိုဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေ ရရှိရန်ကုန်ကျသည့် စရိတ်များနှင့် စည်းမျဉ်းများအရ ပြဋ္ဌာန်းသည့် ပစ္စည်းတန်ဖိုးလျော့ငွေကို နုတ်ပေးရ မည်၊

သို့ရာတွင် အောက်ပါတို့ကို နုတ်မပေး ရ-

(၁) မ-တည်စရိတ်၊

(၂) ကိုယ်ရေးကိုယ်တာစရိတ်၊

(၃) လုပ်ငန်းပမာဏနှင့် မမျှအောင် များသည့်စရိတ်။

ရှင်းလင်းချက် ၁။ **အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း** ဆိုသည်မှာ မိမိကျွမ်းကျင်သည့် လုပ်ငန်းကို အခကြေးငွေယူ၍ လုပ်ကိုင်ပေးသော လုပ်ငန်းအားလုံး ဖြစ်ပြီး ဆရာဝန်၊

www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ ရုပ်ရှင်ပညာသည်၊ သဘင်ပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ စာရင်းကိုင်၊ စာရင်းစစ်၊ ဗေဒင်ဆရာ၊ ကျောင်းဆရာ စသည်တို့၏ အခကြေးငွေယူပြီး လုပ်ကိုင်သော လုပ်ငန်းများပါဝင်သည်။

ရှင်းလင်းချက် ၂။ **အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ** ဝင်ငွေကို တွက်ချက်ရာတွင် လစာမဟုတ်သော အခကြေးငွေအဖြစ်ရရှိသည့် ဝင်ငွေမျိုးကိုသာ ထည့်သွင်း တွက်ချက်ရမည်။

ရှင်းလင်းချက် ၃။ **အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းကို** ကိုယ်တိုင်မလုပ်ကိုင်ဘဲ အခြားသူအားငှားရမ်းလုပ်ကိုင်လျှင် ထိုလုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ် အခွန်စည်းကြပ်ရမည်။

၁၁။ စီးပွားရေးလုပ်ငန်း

(က) မည်သူမဆို စီးပွားရေးလုပ်ငန်းမှ မိမိရရှိသော ဝင်ငွေအတွက် စီးပွားရေးလုပ်ငန်းခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်၊

(ခ) ထိုဝင်ငွေကိုတွက်ချက်ရာတွင် ဝင်ငွေရရှိရန် ကုန်ကျသည့် စရိတ်များနှင့်

www.burmeseclassic.com

www.burmeseclassic.com



စည်းမျဉ်းများအရ ပြဋ္ဌာန်းသည့် ပစ္စည်းတန်ဖိုးလျော့ငွေတို့ကို နုတ်ပေးရမည်။

သို့ရာတွင် အောက်ပါ တို့ကို နုတ်မပေးရ-

(၁) မ-တည်စရိတ်၊

(၂) ကိုယ်ရေးကိုယ်တာစရိတ်၊

(၃) လုပ်ငန်းပမာဏနှင့် မမျှအောင်များသည့်စရိတ်၊

(၄) ကုမ္ပဏီနှင့် သမဝါယမအသင်း မဟုတ်သော ပုဂ္ဂိုလ်စုတွင်ပါဝင်သူ တစ်ဦးဦးအား ထိုပုဂ္ဂိုလ်စုမှ ပေးသည့်ငွေ၊ သို့သော် အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းအတွက် ပေးငွေကို နုတ်ပေးရမည်။

*ရှင်းလင်းချက်။ စီးပွားရေးလုပ်ငန်းဆိုသည်တွင်-

(က) မည်သည့် ကုန်သွယ်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း သို့မဟုတ် ကုန်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းများ၏ သဘောသဘာဝ ပါဝင်သက်ရောက်မှုရှိသော လုပ်ငန်း

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၈ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com

များနှင့် မည်သည့်ဝန်ဆောင်မှုလုပ်ငန်းများမဆိုပါဝင်သည်၊

(ခ) ထို့ပြင် ငွေချေးသက်သေခံလက်မှတ်များကို နှစ်တစ်နှစ်အတွင်း စီးပွားရေးလုပ်ငန်းသဖွယ် အဖန်တလဲလဲ ဝယ်ယူခြင်း၊ လဲလှယ်၊ လွှဲပြောင်းခြင်းနှင့် အတိုးရရန် ရင်းနှီးမြှုပ်နှံခြင်းတို့ ပါဝင်သည်။

၁၂။ ပစ္စည်း

(က) မည်သူမဆို မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံငှားရမ်းခြင်းမှ မိမိရရှိသောဝင်ငွေအတွက် ပစ္စည်းခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်၊

* ရှင်းလင်းချက်။

မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံ ငှားရမ်းခြင်းဆိုရာတွင် ကိုယ်ပိုင် မဟုတ်သည့် မြေ သို့မဟုတ် မြေနှင့် အဆောက်အအုံအား ထပ်ဆင့်ငှားရမ်းခြင်းလည်း ပါဝင်သည်။

(ခ) ထိုဝင်ငွေကို တွက်ချက်ရာတွင် အမှန်ရရှိသည့် ငှားရမ်းခ သို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း၏ ရာဖြတ်နှုန်း ထိုနှစ်ရပ်အနက် များရာမှ ယင်းငွေရရှိရန် ကုန်ကျသည့်စရိတ်ကို

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ၉ အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com


နုတ်ပေးရမည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်မပေးရ-

(၁) မ-တည်စရိတ်၊

(၂) ကိုယ်ရေးကိုယ်တာစရိတ်၊

(၃) မဆီလျော်သည့်စရိတ်။

*၁၃။ အခြေပစ္စည်းမှ မြတ်စွန်းငွေ

မည်သူမဆို နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ **ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်လျှင် ယင်းသို့ပြုလုပ်၍ရရှိသော မြတ်စွန်းငွေအတွက် အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။ အခြေပစ္စည်းမှ မြတ်စွန်းငွေကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့် အတိုင်း တွက်ချက်၍ အခွန်စည်းကြပ်ရမည်။

***၁၄။ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ

မည်သူမဆို မိမိမည်ကဲ့သို့ ရရှိခဲ့သည်ကို အတိအကျမဖော်ပြနိုင်သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း၊ သို့မဟုတ် ငွေအပါအဝင်ဖြစ်သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ် အတွက် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေ ခေါင်းစဉ်ဖြင့်

---

* ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၀ အရ အစားထိုးသည်။

** ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၀ အရ အစားထိုးသည်။

*** ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ၉ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းပစ္စည်းတန်းဖိုး၊ သို့မဟုတ် ငွေအပေါ်တွင် အခွန်ထမ်းဆောင်ရမည်။

ဤပုဒ်မအရ ဝင်ငွေကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်းသည့်အတိုင်း တွက်ချက်ရမည်။

*၁၄-က။ အခြားရလမ်းများမှ ဝင်ငွေ

အထက်ဖော်ပြပါ ဝင်ငွေခေါင်းစဉ်များနှင့် အကျုံးမဝင်သောဝင်ငွေကို အခြားရလမ်းများမှဝင်ငွေခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင်ရမည်။ ယင်းခေါင်းစဉ်မှဝင်ငွေကို တွက်ချက်ရာတွင် ဝင်ငွေရရှိရန်ကုန်ကျသည့် စရိတ်များကို နုတ်ပေးရမည်။ သို့ရာတွင် အောက်ပါတို့ကို နုတ်မပေးရ-

(က) မ-တည်စရိတ်၊

(ခ) ကိုယ်ရေးကိုယ်တာစရိတ်၊

(ဂ) မဆီလျော်သည့်စရိတ်။

**၁၄-ခ။ အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေတွင် ထည့်သွင်းရမည့် ဝင်ငွေများ

အခွန်ထမ်း၏ စုစုပေါင်းဝင်ငွေတွင် အခွန်ထမ်းက လုံလောက်သောအကြောင်း တစ်စုံတစ်ရာမရှိဘဲ ***အိမ်ထောင်ဖက်နှင့် အိမ်ထောင်မကျသေးသည့် သားသမီးသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းပေးသည့်ပစ္စည်းမှ ရရှိသည့်

* ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၁ အရ ဖြည့်စွက်သည်။

** ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၂ အရ ဖြည့်စွက်သည်။

*** ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၀ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com

ဝင်ငွေ သို့မဟုတ် လုပ်ငန်းမှရရှိသည့်ဝင်ငွေကို ထည့်သွင်း၍ အခွန်စည်းကြပ်ရမည်။

## အခန်း (၅)

## ဝင်ငွေရရှိသည့်အချိန်၌ အခွန်ပေးဆောင်ခြင်း

*၁၅။ ဝင်ငွေရရှိသည့် အချိန်၌ အခွန်ပေးဆောင်ခြင်း

(က) မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေ သို့မဟုတ်အခြေပစ္စည်းမှမြတ်စွန်းငွေရရှိလျှင် ထိုသို့ဝင်ငွေရရှိချိန်၌ ဝင်ငွေခွန်ပေးဆောင်ရန်တာဝန်ရှိစေရမည်၊

(ခ) မည်သူ့အားမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော စုစုပေါင်းဝင်ငွေ သို့မဟုတ် အခြေပစ္စည်းမှ မြတ်စွန်းငွေရှိသည်ဟု ယူဆလျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသည့် သတင်းအချက်အလက်များပေါ် အခြေပြုလျက် ဝင်ငွေခွန်ပေးဆောင်ရန် တောင်းခံနိုင်သည်။

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၁ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


*၁၆။ ဝင်ငွေရရှိသည့် အချိန်၌ အခွန်ကိုထုတ်ပေးငွေမှ နုတ်ယူပေးသွင်းရန် နည်းလမ်းများ

(က) လစာခေါင်းစဉ်နှင့် အကျုံးဝင်သော ငွေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးရန်တာဝန်ရှိသူသည် ထိုငွေထုတ်ပေးချိန်၌ ထုတ်ပေးသည့်ငွေမှ ကျသင့်သောအခွန်ကို နုတ်ယူရမည်။ ထိုသို့နုတ်ယူရာတွင် သက်ဆိုင်သူ၏ နှစ်တစ်နှစ်အတွင်း အဆိုပါ ခေါင်းစဉ်မှ ဝင်ငွေအရပ်ရပ်ပေါင်းအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်း တွက်ချက်၍ အတတ်နိုင်ဆုံး အညီအမျှအရစ်များဖြင့် နုတ်ယူပြီးပေးသွင်းရမည်၊

သို့ရာတွင် ဝင်ငွေရရှိသည့်နှစ်အတွင်း အခွန်ကိုပိုမိုနုတ်မိလျှင်သော်လည်းကောင်း၊ လျော့နည်းနုတ်မိလျှင် သော်လည်းကောင်း၊ ကျန်အရစ် သို့မဟုတ် အရစ်များကို လျှော့၍ဖြစ်စေ၊ တိုး၍ဖြစ်စေ နုတ်ယူနိုင်သည်။

(ခ) လစာခေါင်းစဉ်ဖြင့်ရရှိသော ဝင်ငွေမှအပ ကျန်ခေါင်းစဉ်များဖြင့် ရရှိသော ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေရန် ကိစ္စအလို့ငှာ ပြည်ထောင်စုအစိုးရ အဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာန သည်

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၁ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် အမိန့် ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်နိုင် သည်၊

(ဂ) ပုဒ်မခွဲ(က)နှင့်(ခ)အရ နုတ်ယူထားသော ငွေအားလုံးကို နုတ်ယူသူသည် စည်းမျဉ်း များဖြင့် သတ်မှတ်ထားသော အချိန်နှင့် နည်းလမ်းများအတိုင်း ပြည်ထောင်စု အစိုးရသို့ ပေးသွင်းရမည်ဖြစ်ပြီး ဤ ကိစ္စနှင့်စပ်လျဉ်းသော သတ်မှတ်ချက် အားလုံးကိုလည်းလိုက်နာရမည်၊

(ဃ) မည်သူမဆို လုံလောက်သော အကြောင်း မရှိဘဲ ပုဒ်မခွဲ(က)နှင့်(ခ)အရ အခွန်ကို နုတ်ယူပေးသွင်းခြင်းမပြုလျှင် ထိုအခွန် နှင့်စပ်လျဉ်း၍ ပျက်ကွက်သူအဖြစ် မှတ်ယူအရေးယူခြင်းခံရမည်။ ယင်းသို့ ပျက်ကွက်သည့်အတွက် ပေးဆောင် ရမည့်ဒဏ်ငွေကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာန သည် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ် နိုင်သည်။

ရှင်းလင်းချက်။ ဤပုဒ်မအရ ငွေထုတ်ပေးရန် တာဝန်ရှိသူ ဆိုသည်မှာ တစ်ဦးတစ်ယောက်ပိုင်လုပ်ငန်း ဖြစ်လျှင် ပိုင်ရှင် ကိုယ်တိုင်ဖြစ်ပြီး ပုဂ္ဂိုလ်စုပိုင်လုပ်ငန်းဖြစ်လျှင် ထိုပုဂ္ဂိုလ်စုသာ ဖြစ်သည်။ ထို့ပြင် ပြည်ထောင်စုအစိုးရ သို့မဟုတ် ဒေသဆိုင်ရာ

www.burmeseclassic.com



အာဏာပိုင်အဖွဲ့အစည်း ဖြစ်လျှင် သက်ဆိုင်ရာငွေထုတ်ပေးရန် တာဝန်ရှိသည့် စီမံခန့်ခွဲရေးဝန်ထမ်းဖြစ်သည်။

*၁၆-က။ ဝင်ငွေနှစ်အတွင်း အခွန်ကို ကြိုတင် ပေးဆောင်ရန် နည်းလမ်းများ

(က) ပုဒ်မ ၁၆ ပါ ဝင်ငွေရရှိသည့် အချိန်၌ အခွန်နုတ်ယူပေးဆောင်ရမည့် ဝင်ငွေ အမျိုးအစားများမှအပ ကျန်ဝင်ငွေ ခေါင်းစဉ်ပါ ဝင်ငွေအမျိုးအစားများနှင့် စပ်လျဉ်း၍ အခွန်ထမ်းသည် သက်ဆိုင်ရာ ဝင်ငွေနှစ်အတွင်း မိမိရရှိသည့် စုစုပေါင်း ဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်း အပေါ်ကျသင့်မည့်အခွန်ကို ကြိုတင်၍ ပေးဆောင်ရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ ကျသင့်မည့် အခွန်ကို သုံးလတစ်ကြိမ်အရစ်ဖြင့် သက်ဆိုင်ရာ သုံးလမကုန်မီ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ပေးသွင်းရမည်၊

(ဂ) ဤပုဒ်မအရပေးသွင်းရမည့် အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်း ရမည့် အခွန်သည် သက်ဆိုင်ရာ စည်းကြပ်မှုတွင် ကျသင့်သည့် အခွန်ထက် လျော့လျှင် ယင်းပေးသွင်းရန် ပျက် ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၂ အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။

*၁၆-ခ။ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေရရှိသည့်အချိန်၌ အခွန်ပေးဆောင်စေခြင်း သို့မဟုတ် ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန် ပေးဆောင်စေခြင်းတို့အတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

## အခန်း (၆)

## ဝင်ငွေကြေညာလွှာနှင့် လစာနှစ်ချုပ်စာရင်းပေးပို့ခြင်း

၁၇။ ဝင်ငွေကြေညာလွှာ

(က) မည်သူမဆို ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ ရရှိလျှင် ထိုဝင်ငွေနှစ်အတွက် မိမိ၏ ဝင်ငွေကြေညာလွှာကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဝင်ငွေနှစ်ကုန်ဆုံးပြီး **သုံးလအတွင်း ပေးပို့ရမည်။ သို့ရာတွင် လစာ ခေါင်းစဉ်မှ

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၂ အရ ဖြည့်စွက်သည်။

** ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၄ အရ ပြင်ဆင်အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


ဝင်ငွေသာ ရရှိသူဖြစ်လျှင် ယင်းသို့ ပေးပို့ရန်မလို၊

(ခ) မည်သူ့အားမဆို ယင်း၏ ဝင်ငွေ ကြေညာလွှာကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ပေးပို့ရန် အကြောင်းကြားနိုင်သည်၊

(ဂ) မည်သူမဆို ဝင်ငွေကြေညာလွှာ ပေးပို့ပြီးသည့်နောက် အခွန်စည်းကြပ်ခြင်း မပြုမီ ယင်းကြေညာလွှာ၌ မှားယွင်းချက်ရှိ၍ ပြင်ဆင်လိုလျှင် ပြင်ဆင်ထားသည့်ဝင်ငွေကြေညာလွှာကိုထပ်မံ ပေးပို့နိုင်သည်။

*၁၈။ လစာနှစ်ချုပ်စာရင်း

အလုပ်ရှင်တစ်ဦးသည် ဝင်ငွေနှစ်ကုန်ဆုံးပြီး *သုံးလအတွင်း လစာနှစ်ချုပ်စာရင်းကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း နှစ်စဉ်ပေးပို့ရမည်။

---

* ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၄ အရ ပြင်ဆင် အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


# အခန်း (၇)

## ဝင်ငွေခွန်စည်းကြပ်ခြင်း

၁၉။ စည်းကြပ်ခြင်း

(က) ပုဒ်မ ၁၇ အရ ပေးပို့သော ဝင်ငွေ ကြေညာလွှာမှာ မှန်ကန်ပြည့်စုံသည်ဟု ကျေနပ်လျှင် ယင်းကြေညာလွှာကို အခြေပြု၍ ဝင်ငွေခွန် စည်းကြပ်ရမည်၊

*(ခ) ဝင်ငွေနှစ်အတွင်း သို့မဟုတ် ဝင်ငွေ ရရှိချိန်၌ ဝင်ငွေခွန် ပေးဆောင်ထား သူအားဖြစ်စေ၊ ဝင်ငွေကြေညာလွှာ ပေးပို့ ပြီးသူအားဖြစ်စေ၊ ဝင်ငွေကြေညာလွှာ ပေးပို့ရန် သက်ဆိုင်ရာ စည်းကြပ်နှစ် ကုန်ဆုံးပြီး သုံးနှစ်အတွင်း မြို့နယ် အခွန်ဦးစီးဌာနမှူးက အကြောင်း ကြားစာ အတည်ပြု ချအပ်ထားပြီးသူ အားဖြစ်စေ၊ မည်သည့်အချိန်တွင်မဆို သက်သေခံ အထောက်အထားများ၊ စာရင်းများနှင့် ထိုစာရင်းများတွင် မပါ ဝင်သောပစ္စည်းစာရင်းပုံစံကို ပြသရန်

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၃ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားနိုင်သည်။ ခေါ်ယူစစ်ဆေးခြင်း၊ စည်းကြပ်ခြင်း ပြုလုပ်နိုင်သည်။ ဤပုဒ်မခွဲပါ ပစ္စည်းစာရင်းကို ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝင်ငွေခွန် စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းနိုင်သည်၊

(ဂ) ပုဒ်မခွဲ(ခ)အရ အခွန်ထမ်းတင်ပြသည့် သက်သေခံ အထောက်အထားများမှ ဝင်ငွေကို မှန်ကန်စွာတွက်ချက်ရရှိနိုင်လျှင် ယင်းအထောက်အထားများကိုသာ အခြေပြု၍ ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် အခွန်ထမ်း ပြသသော သက်သေခံ အထောက်အထားများမှ ဝင်ငွေကို မှန်ကန်စွာတွက်ချက်မရနိုင်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးက လိုအပ်သော အခြား သက်သေခံ အထောက်အထားများကို စိစစ်ပြီး ဝင်ငွေခွန် စည်းကြပ်ရမည်၊

*(ဃ) မည်သူမဆို ပုဒ်မ ၁၇ ပုဒ်မခွဲ(က)အရ ဖြစ်စေ၊ ယင်းပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ ဖြစ်စေ ဝင်ငွေကြေညာလွှာ ပေးပို့ရန် ပျက်ကွက်လျှင်သော် လည်းကောင်း ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)အရ အကြောင်း

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပုဒ်မ ၁၄ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြားစာကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရနိုင်သရွေ့အထောက်အထားများကို အခြေပြု၍ ဝင်ငွေခွန် စည်းကြပ်ရမည်။ ယင်းသို့ စည်းကြပ် ဆောင်ရွက်နိုင်ရန် နည်းလမ်းများကို ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

*ရှင်းလင်းချက်။

**၂၀။ ဆုံးရှုံးငွေခုနှိမ်ပေးခြင်း

ဝင်ငွေနှစ်အတွင်း ဝင်ငွေရလမ်းတစ်ခုခုမှ ဆုံးရှုံးငွေရှိလျှင် ထိုနှစ်အတွင်းရရှိသည့် ကျန်ဝင်ငွေရလမ်းများမှ ဝင်ငွေတွင် ခုနှိမ်ပေးရမည်။ ကုန်စင်အောင်ခုနှိမ်ခြင်း မပြုနိုင်သော ဆုံးရှုံးငွေပေါင်းကို တစ်ဆက်တည်း နောက်သုံးနှစ်အထိ သယ်ယူခုနှိမ်ခွင့်ပေးရမည်။

သို့ရာတွင် ဤပုဒ်မသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ-

(က) အခြေပစ္စည်းမှ ဆုံးရှုံးငွေ၊

(ခ) ပုဂ္ဂိုလ်စုတစ်ခုခုမှ အရှုံးဝေစု။

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၃ အရ ပယ်ဖျက်သည်။
** ၁၉၉၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၄ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

## ထူးခြားသောကိစ္စများအတွက် ဝင်ငွေခွန်စည်းကြပ်ခြင်းဆိုင်ရာ ဆောင်ရွက်ရန် နည်းလမ်းများ

၂၁။ စည်းကြပ်ခြင်းမှ လွတ်သွားသည့် ဝင်ငွေ

(က) တစ်ဦးတစ်ယောက်၏ လိမ်လည်လိုသော ရည်ရွယ်ချက်ကြောင့် ဤဥပဒေအရ ဝင်ငွေခွန်စည်းကြပ်ခြင်းမှ လွတ်နေသော ဝင်ငွေကို စည်းကြပ်မှု သို့မဟုတ် ပြန်လည်စည်းကြပ်မှု ပြုလုပ်ရန် လိုအပ်ကြောင်း တွေ့ရှိလျှင် သက်ဆိုင်ရာ စည်းကြပ်နှစ် ကုန်ဆုံးပြီးနောက် မည်သည့်အချိန်တွင်မဆို စည်းကြပ်မှု သို့မဟုတ် ပြန်လည် စည်းကြပ်မှုပြုလုပ်နိုင်သည်။ သို့သော် ဤကိစ္စအတွက် *ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်လွှဲအပ်သော အဖွဲ့၏ ကြိုတင်ခွင့်ပြုချက် ရပြီးမှသာ ယင်းသို့ ဆောင်ရွက်ရမည်။ ကြိုတင်ခွင့်ပြုရာ၌ အမှုတစ်ခုချင်း၏ အကြောင်း

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၄ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


ခြင်းရာအလိုက် ဤဥပဒေအရ ရသင့်ရထိုက်သော အခွန်များမရအောင် လိမ်လည်လိုသော ရည်ရွယ်ချက်ရှိသည်ဟု ယူဆမှသာ ခွင့်ပြုချက်ပေးရမည်။

သို့ရာတွင် ယင်းသို့ စည်းကြပ်လျှင် သက်ဆိုင်ရာ စည်းကြပ်နှစ်နှင့်ဆိုင်သည့် ဝင်ငွေခွန်နှုန်းများဖြင့်သာ အခွန်ကျသင့်စေရမည်။

*ရှင်းလင်းချက်။ ဤပုဒ်မခွဲ (က)ပါလိမ်လည်လိုသော ရည်ရွယ်ချက်ဆိုသည့် စကားရပ်တွင် အောက်ပါတို့လည်းပါဝင်သည်-

(၁) စည်းကြပ်ထိုက်သည့် ဝင်ငွေရရှိသည်ကို သိရှိပါလျက် ထိုဝင်ငွေ နှင့်စပ်လျဉ်း၍ ဝင်ငွေကြေညာလွှာ တင်သွင်းရန်ပျက်ကွက်ခြင်း၊

(၂) ဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် သက်ဆိုင်ရာအခွန်ဦးစီးဌာနမှူးရုံးများက ဝင်ငွေကြေညာလွှာ၊ အရှုံးအမြတ်စာရင်းအပါအဝင် စာရင်းဇယားများ၊ စာရွက်စာတမ်း၊ အထောက်အထား များကို စာဖြင့်တောင်းခံသည့် အခါ ယင်းသို့ တောင်းခံစာတွင် သတ်မှတ်ထားသည့် အချိန်အတွင်းဖြစ်စေ၊ ထိုမြင့်

* ၂၀၀၆ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၆ အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပေးထားသည့် အချိန်အတွင်းဖြစ်စေ ပေးပို့ရန် ပျက်ကွက်ခြင်း၊သို့မဟုတ် မမှန်ကန်သောစာရင်းများ၊ စာချုပ်စာတမ်းများနှင့် အခြားစာရွက်စာတမ်းများကိုတင်ပြခြင်း။

(ခ) ပုဒ်မခွဲ(က)နှင့် မသက်ဆိုင်သော ကိစ္စဖြစ်လျှင် စည်းကြပ်နှစ် ကုန်ဆုံးပြီး သုံးနှစ်အတွင်းသာ ဖော်ပြပါအတိုင်း စည်းကြပ်ခွင့် သို့မဟုတ် ပြန်လည်စည်းကြပ်ခွင့်ရှိရမည်။ ထိုသို့ စည်းကြပ်ခြင်းများကို အောက်ပါအကြောင်းတစ်ခုခုနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်သည် -

(၁) ဝင်ငွေခွန်စည်းကြပ်ထိုက်လျက် စည်းကြပ်ခြင်းမှ လွတ်သွားခဲ့ခြင်း၊

(၂) ဝင်ငွေခွန်လျော့၍ စည်းကြပ်ခဲ့ခြင်း၊

(၃) လျော့နည်းသည့်နှုန်းဖြင့် စည်းကြပ်ခဲ့ခြင်း၊

(၄) ဥပဒေအရ ခွင့်ပြုသင့်သည်ထက်ပို၍ သက်သာခွင့်ပြုခဲ့ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၂၂။ မှားယွင်းချက်ကို ပြင်ခြင်း

(က) ပုဒ်မ ၇ အရ လုပ်ပိုင်ခွင့်ရှိသည့်အဖွဲ့ တစ်ခုခုသည် *ဤဥပဒေအရ တူညီသော လုပ်ပိုင်ခွင့်ရှိသူ သို့မဟုတ် အဖွဲ့တစ်ဖွဲ့ကချမှတ်သော အမိန့်တွင် မှတ်တမ်းမှ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက် တစ်ခုခုကို ယင်းအမိန့်ချမှတ်သည့်ရက်မှ သုံးနှစ်အတွင်း ပြင်နိုင်သည်။ ထို့ပြင် အလားတူကာလအပိုင်းအခြားအတွင်း အခွန်ထမ်းက ညွှန်ပြသည့် အဆိုပါ မှားယွင်းချက်တစ်ခုခုကိုလည်း ပြင်ပေးရမည်။

သို့ရာတွင် စည်းကြပ်မှုတစ်ခုကို တိုးမြှင့်စေသော သို့မဟုတ် ပြန်အမ်းငွေတစ်ရပ်ရပ်ကို လျော့နည်းစေသော အကျိုးသက်ရောက်မည့် ပြင်ဆင်ချက်ဖြစ်လျှင် အမိန့်မချမှတ်မီ သက်ဆိုင်ရာ အခွန်ထမ်းအား ဖြေရှင်းခွင့်ပေးရမည်၊

(ခ) အယူခံမှုပြင်ဆင်မှု သို့မဟုတ် လွှဲအပ်မှုအရ အပြီးသတ် အတည်ဖြစ်သော စည်းကြပ်မှုတွင် ကျသင့်သောအခွန်သည် မူလစည်းကြပ်မှုတွင် ကျသင့်သည့် အခွန်နှင့် ကွာခြားသဖြင့် ပုဒ်မ ၄၆

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပုဒ်မ ၁၅ အရ အစားထိုးသည်။

www.burmeseclassic.com



ပုဒ်မခွဲ(က)အရ ဖြစ်စေ၊ ပုဒ်မ ၄၇ ပုဒ်မခွဲ (ခ)အရ ဖြစ်စေ၊ ပုဒ်မ ၄၇ ပုဒ်မခွဲ(ဂ)အရ ဖြစ်စေ မူလတပ်ရိုက်ထားသော ဒဏ်ငွေကို ပြင်ပေးခြင်းသည် ပုဒ်မခွဲ (က)အရ မှတ်တမ်း မှ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်ကို ပြင်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ဤကိစ္စအတွက် ပုဒ်မခွဲ(က)၌ ဖော်ပြထားသောသုံးနှစ်ကို အပြီးသတ်အမိန့်ချမှတ်သောနေ့မှ စတင်ရေတွက်ရမည်။

၂၃။ သေဆုံးသူနှင့် တရားဝင်မစွမ်းဆောင်နိုင်သူတို့နှင့် စပ်လျဉ်း၍ စည်းကြပ်ကောက်ခံခြင်း

အောက်ပါတို့အတွက် တရားဝင်ကိုယ်စားလှယ်အားဖြစ်စေ၊ သက်ဆိုင်ရာဝင်ငွေနှင့် စပ်လျဉ်း၍ ဥပဒေအရ တာဝန်ရှိသူအားဖြစ်စေ ဝင်ငွေခွန် စည်းကြပ် ကောက်ခံရမည် -

(က) သေဆုံးသူ၊

(ခ) အကြောင်းတစ်ခုခုကြောင့် တရားဝင် မစွမ်းဆောင်နိုင်သူ၊

(ဂ) တရားဝင်တာဝန်ယူမဖြေရှင်းနိုင်သူ။

သို့ရာတွင် ယင်းတရားဝင် ကိုယ်စားလှယ်သို့မဟုတ် တာဝန်ရှိသူအနေဖြင့် ဤ ပုဒ်မအရ ပေးဆောင်ရမည့်အခွန်မှာ ယင်းတို့တာဝန်ယူထားသည့်ပစ္စည်း၏ ပေးဆောင်နိုင်ခြင်း ရှိသမျှအထိသာ ဖြစ်စေရမည်။

www.burmeseclassic.com

www.burmeseclassic.com



၂၄။
လုပ်ငန်းရပ်စဲခဲ့လျှင် ခံယူရမည့်တာဝန်

လုပ်ငန်းတစ်ခုခုကို ရပ်စဲလျှင် ထိုသို့ရပ်စဲခြင်း ပြုသည့်အချိန်၌ ယင်းလုပ်ငန်းတွင် အစုပါဝင်သူတိုင်းအား အဆိုပါလုပ်ငန်းမှ ဝင်ငွေနှင့် စပ်လျဉ်း၍ ဝင်ငွေခွန်စည်းကြပ်ခံရန် တွဲဖက်၍ဖြစ်စေ၊ ကိုယ်စီကိုယ်ငဖြစ်စေ တာဝန်ရှိစေရမည်။ ထို့ပြင် ဝင်ငွေခွန်ပေးဆောင်ရန်လည်း တာဝန်ရှိစေရမည်။

၂၅။
စီးပွားရေးလုပ်ငန်း ပိုင်ရှင်ပြောင်းလဲခြင်း

လုပ်ငန်းတစ်ခုခုကို မူလလုပ်ကိုင်သူထံမှ အခြားသူတစ်ဦးက ဆက်ခံလုပ်ကိုင်လျှင် မူလလုပ်ကိုင်သူနှင့် ဆက်သွယ်ရာတွင် အခက်အခဲရှိပါက ဆက်ခံသူအား မူလလုပ်ကိုင်သူ၏ ကိုယ်စားလှယ်အဖြစ် သတ်မှတ်၍ အောက်ပါကာလများအတွက် ဝင်ငွေခွန်စည်းကြပ်ရမည်-

(က) ဆက်ခံသည့် ဝင်ငွေနှစ်အတွင်း မူလပိုင်ရှင်လုပ်ကိုင်ခဲ့သည့်ကာလ၊

(ခ) ဆက်ခံသည့် ဝင်ငွေနှစ် မတိုင်မီကပ်လျက်ရှိသော ဝင်ငွေနှစ်။

၂၆။
ပြည်ပနေနိုင်ငံခြားသားများအား စည်းကြပ်ခြင်း

(က) ပြည်ပနေနိုင်ငံခြားသားသည် အောက်ပါနည်းလမ်းတစ်ခုခုဖြင့် ဝင်ငွေရရှိလျှင် ထိုသို့ရရှိသော ဝင်ငွေကို မြန်မာနိုင်ငံအတွင်း၌ ရရှိသောဝင်ငွေဟုမှတ်ယူ၍ ဝင်ငွေခွန်စည်းကြပ်ကောက်ခံရမည်-

www.burmeseclassic.com

www.burmeseclassic.com


(၁) မြန်မာနိုင်ငံအတွင်းရှိ မ-တည် ပစ္စည်းတစ်ခုခုမှ ရရှိသောဝင်ငွေ၊

(၂) မြန်မာနိုင်ငံအတွင်းရှိ ဝင်ငွေရလမ်း တစ်ခုခုမှရရှိသော ဝင်ငွေ၊

(ခ) အဆိုပါ ပြည်ပနေနိုင်ငံခြားသားအစားယင်း၏ ကိုယ်စားလှယ်အား ထိုဝင်ငွေများအတွက် ဝင်ငွေခွန် စည်းကြပ်ကောက်ခံနိုင်သည်။ ထို့ပြင် ရရန်အခွန်ကြွေးများကို မြန်မာနိုင်ငံတွင်ရှိသော သို့မဟုတ် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိလာသော ပြည်ပနေ နိုင်ငံခြားသားပိုင် ပစ္စည်းများမှကောက်ခံ ရယူနိုင်သည်။

၂၇။ ကိုယ်စားလှယ်အဖြစ်မှတ်ယူခံရသူများ

မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အောက်ပါ တစ်ဦးဦးကို ပြည်ပနေနိုင်ငံခြားသား သို့မဟုတ် ပြည်ပနေနိုင်ငံသား၏ ကိုယ်စားလှယ်အဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း အကြောင်းကြားပြီးနောက် ဝင်ငွေခွန်ကိစ္စရပ်များ အားလုံးအတွက် ထိုသူကို ယင်းသို့သော ကိုယ်စားလှယ်အဖြစ်မှတ်ယူနိုင်သည်-

(က) ပြည်ပနေနိုင်ငံခြားသား သို့မဟုတ် ပြည်ပနေနိုင်ငံသားက မိမိ၏ ဝင်ငွေရလမ်းနှင့်စပ်လျဉ်း၍ တစ်နည်းနည်းဖြင့် တာဝန်လွှဲထားသူ၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) အဆိုပါ ပြည်ပနေသူနှင့် စီးပွား ဆက်သွယ်သူ၊

(ဂ) အဆိုပါ ပြည်ပနေသူအတွက် ဝင်ငွေ ရရှိနေသူ။

သို့ရာတွင် ကိုယ်စားလှယ်အဖြစ် သတ်မှတ်ရန် ရည်ရွယ်ထားသူအား ရှင်းလင်း ပြခွင့်မပေးဘဲ ဤပုဒ်မအရ ကိုယ်စားလှယ်အဖြစ် မသတ်မှတ်ရ။

၂၈။ ပင်လယ်ကူး သင်္ဘောဖြင့် သယ်ယူပို့ဆောင် ရေးလုပ်ငန်း လုပ်ကိုင်ခြင်းအား စည်းကြပ်ခြင်း

(က) ပြည်ပနေနိုင်ငံခြားသားသည် မည်သည့်နှစ်တွင်မဆို မြန်မာနိုင်ငံအတွင်း၌ ပင်လယ်ကူးသင်္ဘောပိုင်ရှင် သို့မဟုတ် ပင်လယ်ကူး သင်္ဘောစင်းလုံးငှားသူအဖြစ် လုပ်ငန်းလုပ်ကိုင်လျှင် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ထိုသူအား အခွန်စည်းကြပ်ကောက်ခံရမည်၊

(ခ) ဝင်ငွေခွန်ကို ပြေလည်အောင် ပေးဆောင်ပြီးကြောင်း သို့မဟုတ် လုံလောက်သောအစီအစဉ် ပြုလုပ်ပြီးကြောင်း သက်သေခံလက်မှတ်ကို ထိုသို့ စည်းကြပ်ရန်ရှိသည့် သင်္ဘော၏ ရေယာဉ်မှူး၊ သင်္ဘောပိုင်ရှင် သို့မဟုတ် စင်းလုံးငှားသူ၏ ကိုယ်စားလှယ်က တင်ပြခြင်း

www.burmeseclassic.com

www.burmeseclassic.com



ပြုမှုသာလျှင် ပင်လယ်ကူးသင်္ဘောများ ဆိပ်ကမ်းမှ ထွက်ခွာခွင့် လက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူက ယင်းလက်မှတ်ကို ထုတ်ပေးရမည်။

၂၉။ ဝင်ငွေနှစ်အတွင်း စည်းကြပ်ခြင်း

*ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန သည် အခွန်ထမ်းအမျိုးအစားတစ်ခုခု သို့မဟုတ် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဝင်ငွေနှစ်သည် စည်းကြပ်နှစ် ဖြစ်ရမည်ဟု သော်လည်းကောင်း၊ဝင်ငွေနှစ်အတွင်း စည်းကြပ်မှု ပြုလုပ်နိုင်သည်ဟုသော်လည်းကောင်း၊ မည်သည့် စည်းကြပ်မှုများအတွက် မည်သို့ ဆောင်ရွက်ရ မည်ဟုသော်လည်းကောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်လျှင် သက်ဆိုင်ရာ စည်းကြပ်မှုကို နည်းဥပဒေများဖြင့် ပြဋ္ဌာန်း ထားသည့်အတိုင်း ပြုလုပ်ရမည်။

**၃၀။ အခြားကိစ္စရပ်များ

(က) အောက်ပါတို့၏ စည်းကြပ်ကောက်ခံမှုကို နည်းဥပဒေများဖြင့်ဖြစ်စေ၊ စည်းမျဉ်း များဖြင့်ဖြစ်စေ ပြဋ္ဌာန်းသည့်အတိုင်း ပြုလုပ်ရမည်-

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၅ အရ အစားထိုးသည်။
** ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၅ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) ပြည်ထောင်စုအစိုးရ၏စီးပွားရေး အဖွဲ့အစည်းများ၊

(၂) ပြည်ထောင်စုအစိုးရ၏ သို့မဟုတ် ပြည်ထောင်စုအစိုးရက ကမကထ ပြုသော စီမံကိန်းလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ရပ်ရပ်၌ ပြည် ထောင်စုအစိုးရ၏ သဘောတူ ခွင့်ပြုချက်ဖြင့် ပါဝင်ဆောင် ရွက်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားတွင်ဖွဲ့စည်းသော ပုဂ္ဂိုလ်စု၊

(၃) သမဝါယမအသင်း၊

(၄) ပြည်ပနေနိုင်ငံသား၊

(၅) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိသူ၊

(ခ) ဝင်ငွေကြေညာလွှာ ပေးပို့ပြီးသူ တစ် ဦးဦးနှင့်စပ်လျဉ်း၍ ယာယီစည်းကြပ် ကောက်ခံမှုကို စည်းမျဉ်းများဖြင့် ပြဋ္ဌာန်း သည့်အတိုင်း ပြုလုပ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၉)

## ပြည်ထောင်အချင်းချင်း သဘောတူစာချုပ်ချုပ်ဆိုခြင်း

*၃၁။ ပြည်ထောင်စုအစိုးရသည်-

အခြားနိုင်ငံများနှင့် အစီအစဉ်ပြုလုပ်ခြင်း

(က) အခြားနိုင်ငံတစ်ခုခု သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုနှင့် ဝင်ငွေခွန်ကိစ္စပါဝင်သော သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုပါက ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ပါရှိစေကာမူ ယင်းစာချုပ်ပါ သဘောတူညီချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(ခ) အဆိုပါစာချုပ်ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာနိုင်သည်။

## အခန်း (၁၀)

## အယူခံခြင်း၊ ပြင်ဆင်ခြင်းနှင့် လွှဲအပ်ခြင်း

၃၂။ (က) အခွန်ထမ်းသည် မြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သောမိမိနှင့် သက်ဆိုင်သည့် မည်သည့် အမိန့်ကိုမဆို မကျေနပ်လျှင် *ပြည်ထောင်စုနယ်မြေ

ပထမအယူခံဝင်ခြင်း

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၆ အရ အစားထိုးသည်။
* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(က) အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ စည်းမျဉ်းများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း အယူခံဝင်နိုင်သည်၊

(ခ) အခွန်ထမ်းသည် အခွန်တောင်းခံလွှာ သို့မဟုတ် မိမိမကျေနပ်သည့် အမိန့်ကို ရရှိသည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း အယူခံလွှာကို တင်သွင်းရမည်။

သို့ရာတွင် ထိုကာလအတွင်း အယူခံလွှာကို မတင်ခဲ့သည့်အတွက် လုံလောက်သော အကြောင်းရှိလျှင် *ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး ဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးက ထိုကာလကုန်ဆုံးပြီးနောက် တင်သွင်းသည့် အယူခံလွှာကို လက်ခံနိုင်သည်၊

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(က) အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com

(ဂ) အယူခံဝင်လိုသည့် အခွန်ထမ်းသည် အောက်ပါအတိုင်း ဆောင်ရွက်မှသာ ဤပုဒ်မအရ အယူခံဝင်ခွင့်ရှိသည်-

(၁) ပေးဆောင်ရမည့်အခွန်ကို အကြေအလည်ပေးဆောင်ခြင်း၊သို့မဟုတ်

(၂) ပြည်ထောင်စုအစိုးရက ဤကိစ္စအတွက် တာဝန် လွှဲအပ်သောအဖွဲ့သို့ လျှောက်ထား၍ ယင်းအခွန်နှင့် စပ်လျဉ်းပြီး ထိုအဖွဲ့မှ ဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(ဃ) အယူခံအမှုကို ပြီးမြောက်အောင် ဆောင်ရွက်ရာ၌ *ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးသည် အယူခံသူအား ပြောရေး ဆိုခွင့်ပေးပြီးနောက် သင့်လျော်သည့် အမိန့်ကို ချမှတ်နိုင်သည်။

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(က) အရ အစားထိုး သည်။

www.burmeseclassic.com

www.burmeseclassic.com


သို့ရာတွင် အခွန်ကို တိုးမြှင့်ရန် ရည်ရွယ်လျှင် အယူခံသူအား မည်သည့်အကြောင်း ထိုသို့ မတိုးသင့်ကြောင်း ချေပခွင့်ပြုရမည်။

*ရှင်းလင်းချက်။

၃၃။ ဒုတိယအယူခံဝင်ခြင်း

(က) အယူခံအခွန်ထမ်း၊ သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် **ပြည်ထောင်စုနယ်မြေအခွန်ဦးစီး ဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး ဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးက ချမှတ်သော အမိန့်ကို မကျေနပ်လျှင် ယင်းအမိန့်ရရှိသည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း ***အခွန်အယူခံခုံအဖွဲ့ထံ အယူခံဝင်နိုင်သည်၊

(ခ) ဤပုဒ်မအရ အယူခံရာ၌ ပုဒ်မခွဲ(က)တွင် ညွှန်းထားသည့် ရက်ပေါင်းခြောက်ဆယ်

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပုဒ်မ ၁၃ အရ ပယ်ဖျက်သည်။

** ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(က) အရ အစားထိုးသည်။

*** ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပုဒ်မ ၃(ဂ) အရအစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်း အယူခံလွှာကို မတင်သွင်းလျှင် ထိုသို့မတင်သွင်းခြင်းအတွက် လုံလောက်သောအကြောင်းရှိပါက အခွန်အယူခံခုံအဖွဲ့သည် အယူခံလွှာကို လက်ခံနိုင်သည်၊

(ဂ) ဤပုဒ်မအရ အယူခံရာ၌ အယူခံလွှာကို အခွန်အယူခံခုံအဖွဲ့ထံ ယင်းအဖွဲ့က သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း လိုက်နာပေးပို့ရမည်။ ထို့ပြင် အခွန်ထမ်းက အယူခံလျှင် အခကြေးငွေ *ကျပ် တစ်ထောင် ပေးသွင်းပြီးကြောင်း အထောက်အထားလည်း တစ်ပါတည်း ပါရှိရမည်၊

(ဃ) အခွန်အယူခံခုံအဖွဲ့သည် အယူခံ တရားလိုနှင့်တရားပြိုင်တို့ကို ပြောရေးဆိုခွင့်ပေးပြီးနောက် ထိုအယူခံနှင့်စပ်လျဉ်း၍ သင့်လျော်သောအမိန့်များကို ချမှတ်ရမည်၊

(င) ပုဒ်မ ၃၄ တွင် ပြဋ္ဌာန်းထားသည့် အတိုင်းမှတစ်ပါး အယူခံမှုတွင် အခွန်

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၈(က) အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


အယူခံခုံအဖွဲ့က ချမှတ်သည့် အမိန့်များသည် အပြီးအပြတ်ဖြစ်စေရမည်။

ရှင်းလင်းချက်။ ဤပုဒ်မနှင့် နောက်ပုဒ်မများတွင် ပါရှိသည့် အခွန်အယူခံခုံအဖွဲ့ဆိုသည်မှာ *ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးက ချမှတ်သည့် အမိန့်နှင့် စပ်လျဉ်းပြီး အခွန်ထမ်း သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးက မကျေနပ်၍ ဒုတိယအကြိမ် အယူခံဝင်သည့် အမှုများကို ဆောင်ရွက်ရန် ပုဒ်မ ၇ အရ **ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်လွှဲအပ်သော အဖွဲ့ဖြစ်သည်။

***၃၃-က။ ကန့်သတ်ချက်များ

အခွန်သည် ****ကျပ်သုံးသောင်းထက် မပိုလျှင် မြို့နယ်အခွန်ဦးစီးဌာနမှူး၏ အမိန့်သည် လည်းကောင်း၊အခွန်သည် ****ကျပ်တစ်သိန်းထက်မပိုလျှင် *ပြည်ထောင်စု နယ်မြေအခွန်ဦးစီးဌာနမှူး၊ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ သို့မဟုတ် ကုမ္ပဏီ

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(က) အရ အစားထိုးသည်။

** ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၄ အရ အစားထိုးသည်။

*** ၁၉၈၉ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၆ အရ ဖြည့်စွက်သည်။

**** ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၈(ခ) အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



များဆိုင်ရာအခွန်ရုံးဌာနမှူး၊ သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ဌာနမှူး၏ ဆုံးဖြတ်ချက်သည် လည်းကောင်း၊ အခွန်ကျပ် ၁၀၀၀၀၀ အထက်ဖြစ်ပြီး ဥပဒေရေးရာ ပြဿနာမပေါ်ပေါက်လျှင် အခွန်အယူခံခုံအဖွဲ့၏ အဆုံးအဖြတ်သည်လည်းကောင်း အပြီးအပြတ် ဖြစ်စေရမည်။

၃၄။ အဆုံးအဖြတ်အတွက် လွှဲအပ်ခြင်း

(က) အခွန်အယူခံခုံအဖွဲ့၏အမိန့်မှ ဥပဒေကြောင်းနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့် အချက်တစ်ခုခုပေါ်ပေါက်လျှင် အခွန်ထမ်းကဖြစ်စေ *ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး ဌာနမှူး၊ သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး ဌာနမှူး ကဖြစ်စေ ပြည်သူ့တရားသူကြီးအဖွဲ့သို့ အဆုံးအဖြတ်အတွက် လွှဲအပ်ပေးရန် အခွန်အယူခံခုံအဖွဲ့ထံသို့ ယင်းအဖွဲ့၏ အမိန့်ရရှိသည့် နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း အဆိုပြုနိုင်သည်၊

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(က) အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



(ခ) အခွန်အယူခံခုံအဖွဲ့က အကြောင်းတစ်ခုခုကြောင့် အမှုအကြောင်းအရာ ဖော်ပြလွှဲအပ်ရန် ငြင်းပယ်လျှင် အခွန်အယူခံခုံအဖွဲ့အား အမှုအကြောင်းအရာ ဖော်ပြရမည်ဟု ညွှန်ကြားပေးရန်၊ ယင်းသို့ ငြင်းပယ်ခံရသူက ပြည်သူ့တရားသူကြီးအဖွဲ့သို့ ယင်းငြင်းပယ်မိန့်ရရှိသည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း လျှောက်ထားနိုင်သည်၊

(ဂ) ပြည်သူ့တရားသူကြီးအဖွဲ့သည် အမှုမှ ပေါ်ပေါက်သည့် ဥပဒေကြောင်းနှင့် စပ်လျဉ်း၍ ဖြေရှင်းပေးရမည့် အချက်များ ရှိသည်ဟု လက်ခံလျှင် ယင်းပြဿနာကိုဆုံးဖြတ်ရမည့်ပြင် မိမိ၏စီရင်ချက်ကို အခွန်အယူခံခုံအဖွဲ့သို့ အကြောင်းကြားစေရမည်၊

(ဃ) ပုဒ်မခွဲ(ဂ)အရ ပြည်သူ့တရားသူကြီးအဖွဲ့က ချမှတ်သောအမိန့်နှင့်စပ်လျဉ်း၍ ယင်းတရားသူကြီးအဖွဲ့သို့ အယူခံဝင်ခွင့်ရှိသည်။

၃၅။ ပြင်ဆင်ခြင်း (က) ပြင်ဆင်မှုအဖွဲ့သည် ဤဥပဒေအရ မြို့နယ်အခွန်ဦးစီးဌာနမှူးက အမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း အခွန်ထမ်း၏ လျှောက်ထားချက်အရ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ မိမိသဘောအရဖြစ်စေ အဆိုပါ အမိန့်ကို ပြင်ဆင်ရန် အမှုတွဲများ တောင်းဆိုနိုင်သည်။ ထို့ပြင် ယင်း အမှုတွဲများရရှိသည့်အခါ လိုအပ်မည့် စုံစမ်းမှုကို ပြုလုပ်နိုင်သည်၊သို့မဟုတ် ပြုလုပ်စေနိုင်သည်။ ထိုသို့ ပြုလုပ်ပြီး နောက် မည်သည့်အခါမဆို သင့်လျော် သည့်အမိန့်ကိုလည်း ချမှတ်နိုင်သည်။

သို့ရာတွင် အောက်ပါအမိန့်များ ချမှတ်ရာ၌ အခွန်ထမ်းအား ပြောရေး ဆိုခွင့်ပေးရမည်-

(၁) အခွန်ထမ်း ပေးဆောင်ရမည့် အခွန်ကိုတိုးသောအမိန့်၊

(၂) အခွန်ထမ်းအားပေးရမည့် ပြန်အမ်း ငွေကိုလျော့သောအမိန့်၊

(၃) အခွန်ထမ်းအပေါ် စည်းကြပ်မှုကို ပယ်ဖျက်သောအမိန့်၊

(ခ) ပြင်ဆင်မှုအဖွဲ့သည် အောက်ပါ ကိစ္စရပ် များတွင် ဤပုဒ်မအရ ဆောင်ရွက် ခွင့်မရှိစေရ-

www.burmeseclassic.com

www.burmeseclassic.com


(၁) *ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးထံသို့ အယူခံဝင်နိုင်သည့်ကိစ္စ၌ ထိုသို့ အယူခံဝင်နိုင်သည့်အချိန်ကာလ မကုန်ဆုံးသေးခြင်း၊ သို့မဟုတ်

(၂) *ပြည်ထောင်စုနယ် မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး ဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးထံ အယူခံဝင်ထားသည့် အမိန့်ဖြစ်ခြင်း၊

(ဂ) အခွန်ထမ်းက ပြင်ဆင်မှု လျှောက်ထားခြင်းဖြစ်လျှင် ပုဒ်မ ၃၂၊ ပုဒ်မခွဲ(ဂ)

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(က) အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင့်အညီ ယင်းကဆောင်ရွက်ပြီးမှသာ လျှောက်ထားခွင့်ရှိသည်။

ရှင်းလင်းချက်။ ဤပုဒ်မတွင်ပါရှိသည့်ပြင်ဆင်မှုအဖွဲ့ ဆိုသည်မှာမြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့်နှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များအတွက် ပြင်ဆင်မှုဖွင့်လှစ် ဆောင်ရွက် ပေးရန် ပုဒ်မ၇အရ *ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်လွှဲအပ်သော အဖွဲ့ဖြစ်သည်-

(က) အခွန်ထမ်းက မြို့နယ်အခွန်ဦးစီးဌာနမှူး၏အမိန့်ကိုမကျေနပ်၍ ပြင်ဆင်မှု လျှောက်ထားသည့် ကိစ္စ၊

(ခ) ပြင်ဆင်မှုအဖွဲ့က မြို့နယ်အခွန်ဦးစီးဌာနမှူး၏ ဆောင်ရွက်ချက်သည် မှန်ကန်ခြင်းမရှိဟု ယူဆသည့်ကိစ္စ။

၃၆။ အမိန့်မိတ္တူ ပေးပို့ခြင်း

ပုဒ်မ ၃၂၊ ၃၃နှင့် ၃၅ တို့အရ ချမှတ်သော အမိန့်၏ မိတ္တူများကို အခွန်ထမ်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးနှင့် **ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး၊ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး၊ သို့မဟုတ်

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၄ အရ အစားထိုးသည်။

** ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(က) အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ဌာနမှူး သက်ဆိုင်ရာတို့ထံ ပေးပို့ရမည်။

အခန်း (၁၁)

ပြန်အမ်းခြင်း

၃၇။ ပြန်အမ်းခြင်း

(က) မည်သည့်နှစ်အတွက်မဆို တစ်ဦးတစ်ယောက်သောသူက ပေးဆောင်ခဲ့သော သို့မဟုတ် ထိုသူအတွက် ပေးဆောင်ခဲ့သော အခွန်သည် ဤဥပဒေအရ အမှန်ပေးဆောင်အပ်သည့် အခွန်ငွေထက်ပိုနေကြောင်း ထိုသူက မြို့နယ်အခွန်ဦးစီးဌာနမှူးထံသို့ အထောက်အထားပြသနိုင်လျှင် ထိုပိုငွေကို ပြန်ရခွင့်ရှိရမည်။ ထို့ပြင် မြို့နယ်အခွန်ဦးစီးဌာနမှူးက ယင်းသို့ ပိုနေကြောင်း မိမိကိုယ်တိုင်တွေ့ရှိလျှင်လည်း ထိုပိုငွေကို သက်ဆိုင်ရာ အခွန်ထမ်းအား ပြန်အမ်းရမည်၊

(ခ) ပြန်အမ်းငွေကို ထိုပြန်အမ်းငွေရပိုင်ခွင့်ရှိကြောင်း အကြောင်းကြားစာရရှိသည့်

www.burmeseclassic.com

www.burmeseclassic.com



နေ့မှစ၍ တစ်နှစ်အတွင်းသာ တောင်းဆိုခွင့်ရှိစေရမည်။

## အခန်း (၁၂)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ ထွက်ခွာသွားသူများကိစ္စ

၃၈။ သက်သေခံလက်မှတ်လိုအပ်ခြင်း

(က) မည်သူမဆို မြန်မာနိုင်ငံမှ ထွက်ခွာသွားမည်ဖြစ်ပါက ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်မရှိတော့ကြောင်း သို့မဟုတ် တာဝန်ရှိသည့် အခွန်ကို ပေးဆောင်ရန်စီမံပြီးကြောင်း သက်သေခံလက်မှတ်ကို ဤကိစ္စအတွက် *ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်လွှဲအပ်သောအဖွဲ့ထံမှမရလျှင် မြန်မာနိုင်ငံမှ ထွက်ခွာမသွားရ။

သို့ရာတွင် *ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနက ဤကိစ္စနှင့်

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၄ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


စပ်လျဉ်း၍ အမိန့်ကြော်ငြာစာ ပုတ်ပြန်၍ ခြွင်းချက်ပြုနိုင်သည်၊

(ခ) မည်သည့်ယာဉ်ပိုင်ရှင် သို့မဟုတ် စင်းလုံးငှားသူသည် မြန်မာနိုင်ငံအတွင်းမှ မြန်မာနိုင်ငံပြင်ပသို့ ပုဒ်မခွဲ(က) အရ လိုအပ်သော သက်သေခံလက်မှတ်မပါရှိသူအား သယ်ဆောင်ရန် လက်မှတ်ထုတ်ပေးလျှင်လည်းကောင်း၊ သယ်ဆောင်သွားလျှင်လည်းကောင်း ထိုသက်သေခံလက်မှတ်မပါသူ ပေးဆောင်ရန်ရှိသည့် အခွန်ကို အဆိုပါယာဉ်ပိုင်ရှင် သို့မဟုတ် စင်းလုံးငှားသူက ပေးဆောင်ရမည့်အပြင် *ကျပ်တစ်သိန်းထက်မပိုသော ဒဏ်ငွေကိုလည်းပေးဆောင်ရမည်။

## အခန်း (၁၃)

## အခွန်အရကောက်ခံခြင်း

၃၉။ အခွန်မပြေကျန်ငွေကို ဒီကရီကျငွေ ကဲ့သို့အရ ကောက်ခံခြင်း

(က) ပုဒ်မ ၅၃ အရ အခွန်တောင်းခံလွှာတွင်ပေးဆောင်ရန် ဖော်ပြထားသော ငွေအားလုံးကို ထိုတောင်းခံလွှာတွင်

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၈(ဂ) အရအစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


ဖော်ပြထားသည့် အချိန်အတွင်း သို့မဟုတ် တိုးမြှင့်ပေးသည့်အချိန်အတွင်း ပေးဆောင်ရမည်။ ထိုသို့ ပေးဆောင်ရန် ပျက်ကွက်လျှင် မပေးဆောင်သည့် အခွန်ကို မပြေကျန်ငွေ အဖြစ်လည်းကောင်း၊ မပေးဆောင်သူအား ပျက်ကွက်သူ အဖြစ်လည်းကောင်း မှတ်ယူရမည်၊

(ခ) အခွန်မပြေကျန်ငွေကို တရားစီရင်ရေး အဖွဲ့မှ ချမှတ်သည့် ဒီကရီကျငွေကဲ့သို့ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပျက်ကွက်သူထံမှ အရကောက်ခံနိုင်သည်၊

(ဂ) အခွန်မပြေကျန်ငွေကို ပုဒ်မခွဲ (ခ) ပါ အတိုင်း အရကောက်ခံရာတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး၌ အောက်ပါ လုပ်ပိုင်ခွင့်များရှိစေရမည်-

(၁) ငွေဒီကရီအတွက် အကျိုးသက်ရောက်မှုကို အပြီးအပိုင် ဆောင်ရွက်သည့် တရားစီရင်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များ၊

(၂) ပျက်ကွက်သူက တစ်စိတ်တစ်ဒေသသာ အကျိုးသက်ဆိုင်ခွင့်ရှိသော ပစ္စည်းတစ်ခုလုံးအတွက်

www.burmeseclassic.com

www.burmeseclassic.com


ပစ္စည်းထိန်းခန့်ထားခွင့်(ယင်းသို့ မခန့်မီ ထိုပစ္စည်း၏ တွဲဖက်ပိုင်ရှင် သို့မဟုတ် တွဲဖက်ဝေစုရ ထိုက်သူအား အကြောင်းကြားရမည်)၊

(၃) အောက်ဖော်ပြပါ အကြောင်း တစ်ခုခုကြောင့် ပျက်ကွက်သူက တစ်စိတ်တစ်ဒေသသာ အကျိုး သက်ဆိုင်ခွင့်ရှိသော ပစ္စည်း၏ ယင်းတစ်စိတ်တစ်ဒေသကိုသာ ရောင်းချရန်မဖြစ်နိုင်လျှင် ထိုပစ္စည်း တစ်ခုလုံးကို ရောင်းချ၍ ရောင်း ရငွေကို ခွဲဝေပေးနိုင်ခွင့် (ယင်းသို့ မဆောင်ရွက်မီ အကျိုးသက်ဆိုင် ခွင့်ရှိသူများအား အကြောင်း ကြားရမည်)-

(ကက) ပစ္စည်း၏ သဘာဝ အနေအထား၊

(ခခ) ပစ္စည်း၏ တွဲဖက် ပိုင်ရှင် သို့မဟုတ် တွဲဖက်ဝေစုရထိုက်သူ ဦးရေ၊

www.burmeseclassic.com

www.burmeseclassic.com



(ဂဂ) အခြားထူးခြားသော
အခြေအနေ၊

(၄) ခွဲဝေမရသော မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကိုရောင်းချခြင်းဖြစ်ပြီး ဈေးတူပေးသည့် ဆွဲဝယ်သူများအနက်ပါစ်ဦးမှာ ထိုပစ္စည်း၏တွဲဖက်ပိုင်ရှင် သို့မဟုတ် တွဲဖက်ဝေစုရထိုက်သူ ဖြစ်နေလျှင် ထိုသူအားသာ ရောင်းချခွင့်၊

အကယ်၍ ဈေးတူပေးသည့် အဆိုပါပိုင်ရှင် သို့မဟုတ် ဝေစုရထိုက်သူ တစ်ဦးထက်ပိုလျှင် လေလံဆွဲဝယ်ရန် ဦးစွာအမည်ပေးသူအားရောင်းချခွင့်။

၄၀။ အရကောက်ခံရန် အခြားနည်းလမ်းများ

(က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ပျက်ကွက်သူအား ဝင်ငွေခွန် မပြေကျန်ငွေ အတွက် လိုအပ်သလို ဒဏ်ငွေတပ်ရိုက်နိုင်သည်၊ သို့သော် ယင်းဒဏ်ငွေ စုစုပေါင်းသည် ဝင်ငွေခွန်မပြေကျန်ငွေထက် မပိုစေရ၊

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ပျက်ကွက်သူအား ငွေပေးရန်ရှိသော၊ သို့မဟုတ် ပျက်ကွက်သူအတွက် ငွေလက်ရှိထားသော၊ သို့မဟုတ် နောင်တွင် လက်ရှိ

www.burmeseclassic.com

www.burmeseclassic.com


ထားရှိမည်ဖြစ်သောသူ တစ်ဦးအား ထိုငွေကို ပျက်ကွက်သူ၏ မပြေကျန်ငွေအတွက် ပေးဆောင်ရန် ညွှန်ကြားနိုင်သည်။ ယင်းသို့ ညွှန်ကြားရာ၌ ထိုငွေပေးရန် အချိန်စေ့ရောက်သည်နှင့် တစ်ပြိုင်နက်ဖြစ်စေ၊ ငွေလက်ရှိဖြစ်သည်နှင့် တစ်ပြိုင်နက်ဖြစ်စေ၊ အကြောင်းကြားစာတွင် ဖော်ပြထားသည့် အချိန်အတွင်းဖြစ်စေ ပေးသွင်းစေရမည်။ အကယ်၍ ထိုငွေသည်မပြေကျန်ငွေထက်များလျှင် မပြေကျန်ငွေအထိသာ ပေးသွင်းစေပြီး မပြေကျန်ငွေနှင့်တူညီလျှင်သို့မဟုတ် နည်းလျှင် ထိုငွေအားလုံးကို ပေးသွင်းစေရမည်။ အထက်ပါ အကြောင်းကြားစာ၏ မိတ္တူကို ပျက်ကွက်သူ၏ နောက်ဆုံး နေရပ်လိပ်စာသို့ပေးပို့ရမည်။ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ထိုအကြောင်းကြားစာပါ ငွေပေးဆောင်ရန်အချိန်ကို တိုးပေးနိုင်သည်၊

(ဂ) ပုဒ်မခွဲ (ခ) အရ ငွေတစ်ရပ်ရပ်ပေးဆောင်သူသည် ပျက်ကွက်သူ၏ ခွင့်ပြုချက်အရ ပေးဆောင်သည်ဟု မှတ်ယူရမည်။ ထို့ပြင် ယင်းသို့

www.burmeseclassic.com

www.burmeseclassic.com


ပေးဆောင်သည့် ငွေပမာဏထိ ပျက်ကွက်သူအား အဆိုပါ ပေးဆောင်သူက ပေးရန် ကြွေးမြီတာဝန်ကို ကင်းရှင်းပြေလည်အောင် ပေးပြီးဖြစ်သည်ဟု မှတ်ယူ ရမည်၊

(ဃ) ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာ အတည်ပြုခံရသူတစ်ဦးသည် ထိုအကြောင်းကြားစာတွင် သတ်မှတ်ထားသည့်အတိုင်း ငွေပေးသွင်းရန်ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးက ထိုသို့ အတည်ပြုခဲ့သော အကြောင်းကြားစာသည် ပုဒ်မ ၃၉၊ပုဒ်မခွဲ(ခ)နှင့် (ဂ) အရ ထုတ်သော ပစ္စည်းဖမ်းဝရမ်းဖြစ်ဘိသကဲ့သို့ အကျိုးသက်ရောက်သဖြင့် ယင်းပုဒ်မအရ ဆက်လက်အရေးယူဆောင်ရွက်နိုင်သည်၊

(င) ပုဒ်မခွဲ (ခ) အရ အကြောင်းကြားစာ အတည်ပြုခံရသူက တောင်းဆိုသည့် ငွေ သို့မဟုတ် ထိုငွေ၏ မည်သည့် အစိတ်အပိုင်းကိုမှ ပျက်ကွက်သူအား ပေးရန်မရှိကြောင်း၊ သို့မဟုတ် မိမိသည် ပျက်ကွက်သူအတွက် မည်သည့်ငွေကိုမှ လက်ရှိမထားကြောင်း မြို့နယ်အခွန် ဦးစီးဌာနမှူးအား အထောက်အထား

www.burmeseclassic.com

www.burmeseclassic.com


ပြနိုင်လျှင် ပုဒ်မခွဲ(ခ)အရ ပေးဆောင်ရန် တာဝန်မရှိစေရ။

၄၁။ ကြားဖြတ်အမိန့်

အခြားဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ မည်သည့်တရားစီရင်ရေးအဖွဲ့တွင်မှ ဤဥပဒေအရ အခွန်အရကောက်ခံသော ဆောင်ရွက်မှုများဆိုင်းငံ့သည့် ကြားဖြတ်အမိန့်ချမှတ် ပိုင်ခွင့်မရှိစေရ။ သို့သော် အဆိုပါ တရားစီရင်ရေးအဖွဲ့သည် မိမိ၏စီရင်ပိုင်ခွင့်အတွင်း ကျရောက်သော အောက်ပါကိစ္စရပ်များ၌ ပစ္စည်းရောင်းချခြင်းကို တားမြစ်သောကြားဖြတ် အမိန့်ချမှတ်နိုင်သည်-

(က) ပျက်ကွက်သူ မဟုတ်သောသူက ယင်းပစ္စည်းနှင့်ပတ်သက်၍ စွဲဆိုသည့် အမှုကိစ္စ၊

(ခ) ပျက်ကွက်သူက စွဲဆိုသည့် အမှုကိစ္စဖြစ်လျှင်၊ ဤဥပဒေအရ တင်သွင်းထားသည့်အယူခံမှုပြင်ဆင်မှုသို့မဟုတ် လွှဲအပ်မှုမပြတ်သေးသည့် ကိစ္စ။

www.burmeseclassic.com

www.burmeseclassic.com


## အခန်း (၁၄)

## ထပ်ဖြည့်လုပ်ပိုင်ခွင့်များ

၄၂။
သတင်းအချက်အလက်များတောင်းဆိုပိုင်ခွင့်

ပုဒ်မ ၇ အရ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ *ပြည်ထောင်စုနယ်မြေအခွန်ဦးစီး ဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ဌာနမှူး တို့သည်လည်းကောင်း၊ ပုဒ်မ ၇ အရ ဖွဲ့စည်းထားသောအဖွဲ့နှင့်လွှဲအပ်တာဝန်ပေးအပ်ခြင်း ခံရသောပုဂ္ဂိုလ် နှင့် အဖွဲ့များသည်လည်းကောင်း၊ ဝင်ငွေခွန် ကိစ္စနှင့်စပ်လျဉ်း၍ လိုအပ်သောသတင်းအချက်အလက် ရှိသူတိုင်းအား ယင်းသတင်းအချက်အလက်တို့ကို ပေးပို့စေရန် တောင်းဆိုနိုင်သည်။

**၄၃။
တရားစီရင်ရေးအဖွဲ့များ၏ လုပ်ပိုင်ခွင့်

မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ်

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(က) အရ အစားထိုးသည်။
** ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၆ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး ဌာနမှူး သည်လည်းကောင်း၊ ပုဒ်မ ၇ အရဖွဲ့စည်းထား သောအဖွဲ့နှင့် လွှဲအပ်တာဝန်ပေးအပ်ခြင်း ခံရသောပုဂ္ဂိုလ်နှင့်အဖွဲ့များသည်လည်းကောင်း ဤဥပဒေပါလုပ်ပိုင်ခွင့်များကို တရားမကျင့်ထုံး ဥပဒေနှင့်အညီကျင့်သုံး ဆောင်ရွက်နိုင်သည်။

၄၄။ အဆောက်အအုံများသို့ ဝင်ရောက်ကြည့်ရှု စစ်ဆေးခွင့်

ပုဒ်မ ၇ အရ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ *ပြည်ထောင်စုနယ်မြေအခွန်ဦးစီး ဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများ ဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်း ကြီးများဆိုင်ရာအခွန်ရုံး ဌာနမှူး တို့သည် လည်းကောင်း၊ ပုဒ်မ ၇ အရ ဖွဲ့စည်းထားသော အဖွဲ့နှင့်လွှဲအပ်တာဝန် ပေးအပ်ခြင်းခံရသောပုဂ္ဂိုလ် နှင့်အဖွဲ့များ သည်လည်းကောင်း အောက်ပါတို့ကို ပြုလုပ် ခွင့်ရှိသည်-

(က) သက်ဆိုင်ရာစည်းကြပ်မှု၊ သို့မဟုတ် အယူခံမှုအတွက် မည်သည့်နေရာ

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(က) အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


အဆောက်အအုံကိုမဆို ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊

(ခ) ထိုသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌ တွေ့ရှိသော စာရင်းစာအုပ်များ၊ သို့မဟုတ် စာရွက်စာတမ်းများပေါ်တွင် မှတ်မိစေရန် တံဆိပ်အမှတ် အသားများရိုက်နှိပ်ခွင့်၊ ယင်းတို့မှ ကောက်နုတ်ချက်များ ထုတ်ယူခွင့်နှင့် မိတ္တူများကူးယူခွင့်။

၄၅။ ရှာဖွေခွင့်နှင့် စာရင်းများ သိမ်းဆည်းခွင့်

ဤဥပဒေအရ အမှုကိစ္စတစ်ခုခုကို ဆောင်ရွက်ရာ၌ လိုအပ်မည့် စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများကို မပြသဘဲနေသည်ဟုသော်လည်းကောင်း၊တောင်းဆိုသည့်အခါတွင် ပြသလိမ့်မည် မဟုတ်ဟုသော်လည်းကောင်း မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် *ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးက သံသယဖြစ်စရာ အကြောင်း

---

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(က) အရ ဖြည့်စွက်ထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိလျှင် *ယင်းပုဂ္ဂိုလ်တွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိစေရမည်-

(က) မည်သည့်အဆောက်အအုံနေရာသို့မဟုတ် စီးပွားရေးလုပ်ငန်း ဥပစာကိုမဆို ရှာဖွေခွင့်၊

(ခ) ယင်းနေရာတို့တွင်တွေ့ရှိသော စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများကို သိမ်းဆည်းခွင့်၊ ထိုသို့ သိမ်းဆည်းလျှင်-

(၁) လက်ခံရရှိကြောင်း ပြေစာထုတ်ပေးရမည်၊

(၂) စည်းကြပ်မှုဖြစ်စေ၊အယူခံမှုဖြစ်စေ အပြီးအပိုင် စီရင်နိုင်ခြင်း မရှိသေးမီ စစ်ဆေးရန်လိုအပ်သော အချိန်ကာလအထိသာ အဖွဲ့၏ လက်ဝယ်၌ ထားရှိရမည်၊

**(ဂ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)နှင့်ပုဒ်မခွဲ(ခ)တို့ပါ ကိစ္စရပ်များကို

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၁(က) အရ အသေးထိုးသည်။

** ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၁(ခ) အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရာတွင် *ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ ကြိုတင် တင်ပြ၍ ခွင့်ပြုချက်ရယူပြီးမှ ဆောင်ရွက်ရမည်။ အရေးတကြီး ဆောင်ရွက်ရန်ကိစ္စ ပေါ်ပေါက်ပါ က သက်ဆိုင်ရာမြို့နယ်တရားသူကြီးထံမှ ရှာဖွေဝရမ်း တောင်းခံ၍ ဆောင်ရွက်နိုင်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် တွေ့ရှိချက်များကို မြို့နယ်တရားသူကြီးနှင့် *ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး တို့ထံ အမြန်ဆုံး အစီရင်ခံတင်ပြရမည်၊

* ၂၀၁၄ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂(က) အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



*(ဃ) ပုဒ်မခွဲ(က)နှင့်ပုဒ်မခွဲ(ခ)တို့ပါ ကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လျှင် သက်ဆိုင်သော အခွန်ထမ်း သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်နှင့် သက်သေနှစ်ဦးတို့၏ ရှေ့မှောက်တွင် ဖြစ်စေရမည်။

## အခန်း (၁၅)

## ပြစ်မှုများနှင့် ပြစ်ဒဏ်များ

၄၆။ ပြဋ္ဌာန်းချက်များလိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အတွက်ပြစ်ဒဏ်

(က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် **ဤဥပဒေအရ အမှုကိစ္စတစ်ခုခုကို ဆောင်ရွက်စဉ်အတွင်း မည်သူမဆို ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ ၁၈ သို့မဟုတ် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ) အရ လိုအပ်ချက်များကို လုံလောက်သော

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၁(ခ) အရ ဖြည့်စွက်သည်။

** ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၂(က) အရ ပယ်ဖျက်သည်။

www.burmeseclassic.com

www.burmeseclassic.com


အကြောင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည်ဟု ယုံကြည်ကျေနပ်လျှင် ပျက်ကွက်မှုတစ်မျိုးစီအတွက် ပေးဆောင်ရမည့်အခွန်အပြင် *ယင်းအခွန်၏ တစ်ဆယ်ရာခိုင်နှုန်းထက် မပိုသောငွေကို ဒဏ်ငွေအဖြစ် တပ်ရိုက်နိုင်သည်၊

ရှင်းလင်းချက်။ ပုဒ်မ ၁၈ အရ လိုအပ်ချက်ကို ပျက်ကွက်သည့်ကိစ္စတွင် ဒဏ်ငွေပေးဆောင် ရမည့်သူသည် လစာနှစ်ချုပ်စာရင်း ပေးပို့ရန် တာဝန်ရှိသူ ဖြစ်သည်။ ယင်းပေးဆောင်ရမည့် ဒဏ်ငွေမှာ အဆိုပါ စာရင်းအရ လစာမှနုတ်ယူထားရမည် ဖြစ်သော အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း ဖြစ်သည်။

(ခ) မည်သူမဆို ပုဒ်မ ၄၂ အရ သတင်းအချက်အလက်များ တင်ပြရန် ပျက်ကွက်လျှင်ထိုသူအား ၁၅ ရက် အထိ အချိန်ထပ်မံတိုးမြှင့် ပေးနိုင်သည်။

(၁) ယင်းသို့ တိုးမြှင့်ပေးသောအချိန်အတွင်း တင်ပြရန်ဆက်လက် ပျက်ကွက်ပါက ထိုသူအား ဖမ်းဆီး

---

* ၁၉၈၉ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၇ အရ အစားထိုး ပြင်ဆင်သည်။

www.burmeseclassic.com


ခေါ်ဆောင်လာရန် *မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ပုဒ်မ ၄၃ အရ အပ်နှင်းထားသော တရားစီရင်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး လူဖမ်းဝရမ်းထုတ်၍ ခေါ်ယူကာ မည်သည့်အကြောင်းကြောင့် ပျက်ကွက်ကြောင်းကို စစ်ဆေးနိုင်သည်။ ပျက်ကွက်ရ သည့်အကြောင်းမှာ သက်ဆိုင်ရာစာရွက် စာတမ်းများထိုသူ၏ ပယောဂမပါဘဲ ပျောက်ပျက် ခြင်းကြောင့်ဖြစ်ပါ က ယင်းအား မှတ်မိသမျှကတိသစ္စာ ပြု၍လုပ်တင်သွင်း ရန် ခွင့်ပြုနိုင်သည်၊

(၂) လုံလောက်သော အကြောင်းမရှိဘဲ ထိုသူက တင်ပြရန် ပျက်ကွက်ကြောင်း *မြို့နယ်အခွန်ဦးစီးဌာနမှူးက တွေ့ရှိလျှင် ယင်းအား တရားစွဲဆိုနိုင်သည်။ ထိုသို့ တရားစွဲဆို၍ တရားစီရင်ရေး

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပုဒ်မ ၂၂(ခ) အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့က ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်ပါက ထိုသူအားတစ်နှစ်မှ သုံးနှစ်အထိ ထောင်ဒဏ်အပြစ် ပေးနိုင်သည်။

၄၇။ လိမ်လည်ခြင်းအတွက် ပြစ်ဒဏ်

(က) တစ်ဦးတစ်ယောက်သောသူသည် မိမိ၏ ဝင်ငွေထိမ်ချန်ကြောင်း၊ သို့မဟုတ် ယင်းဝင်ငွေနှင့်စပ်လျဉ်းသည့် အချက်အလက်များ ထိမ်ချန်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက *အမှုကိစ္စဆောင်ရွက်စဉ် တွေ့ရှိလျှင် ထိုသူအား သတ်မှတ်သည့် အချိန်အတွင်း ယင်းတို့ကို အပြည့်အစုံ ထုတ်ဖော်ခွင့် ပေးရမည်၊

(ခ) ထိုသူသည် ခွင့်ပြုထားသည့် ကာလအတွင်း အပြည့်အစုံထုတ်ဖော်ခဲ့လျှင် ထိုသူ၏ စုစုပေါင်း ဝင်ငွေပေါ်တွင် ပေးဆောင်ရမည့်အခွန်အပြင် ထိမ်ချန်ခြင်းကြောင့်ပိုမိုကျသင့်သည့် အခွန်၏ ငါးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်၊

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၂(က) အရ ပယ်ဖျက်သည်။

www.burmeseclassic.com

www.burmeseclassic.com


(ဂ) ထိုသူသည် ခွင့်ပြုထားသည့်ကာလ အတွင်း ထုတ်ဖော်ရန်ပျက်ကွက်လျှင်၊ သို့မဟုတ် ထိမ်ချန်ခဲ့သည့် ဝင်ငွေထက် လျော့နည်းထုတ်ဖော်လျှင် ပုဒ်မခွဲ (ခ) ပါအတိုင်း အခွန်နှင့်ဒဏ်ငွေနှစ်ရပ်လုံး ပေးဆောင်ရမည့်အပြင် တရားစွဲဆို ခြင်းလည်းခံရမည်။တရားစီရင်ရေးအဖွဲ့မှ ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်ပါက ထိုသူအား သုံးနှစ်မှ ဆယ်နှစ်အထိ ထောင်ဒဏ်အပြစ်ပေးနိုင်သည်။

သို့ရာတွင် *ဤကိစ္စအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေး ဝန်ကြီးဌာနက တာဝန်လွှဲအပ်သော အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရဘဲ ဤ ပုဒ်မအရ တရားစွဲဆိုခြင်း မပြုရ။ အဆိုပါအဖွဲ့သည် ဤဥပဒေအရ ရသင့် ရထိုက်သောအခွန်များကို မရအောင် ထိုသူ၏ လိမ်လည်လိုသော ရည်ရွယ်ချက် အတိမ်အနက်ကိုလည်းကောင်း၊ ဖော် ထုတ်နိုင်သည့်အခြေအနေ ရှိ၊မရှိ ကို လည်းကောင်း၊ ထောက်ချင့်၍ ယင်း ခွင့်ပြုချက် ပေးသင့်၊မသင့် ဆုံးဖြတ်ရ

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၄ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


မည်။ လိုအပ်က ထုတ်ဖော်ရန်အချိန်ကိုတိုးမြှင့်ပေးနိုင်သည်။

၄၈။ အဂတိလိုက်စားခြင်း အတွက် ပြစ်ဒဏ်

မည်သူမဆို ဤဥပဒေကို အကြောင်းပြု၍ လာဘ်ပေးလာဘ်ယူပြုလုပ်လျှင်၊ သို့မဟုတ် ပြုလုပ်ရန် အားထုတ်လျှင် ထိုသူအားပြစ်မှုဆိုင်ရာဥပဒေအရဖြစ်စေ၊ယင်းပြစ်မှုမျိုးအတွက် သီးခြားပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ပြစ်ဒဏ်ထိုက်သင့်စေရမည်။

၄၉။ အကြောင်းအချက် များကိုထုတ်ဖော်ခြင်း

(က) ဤဥပဒေအရ ဆောင်ရွက်ရသော အမှုတွဲများတွင်ပါရှိသည့် အကြောင်းအချက်အားလုံးကို လျှို့ဝှက်ကိစ္စအဖြစ် မှတ်ယူရမည်။ ထို့ပြင် သက်သေခံဥပဒေတွင်မည်သို့ပင် ပါရှိစေကာမူ မည့်သည့် တရားစီရင်ရေးအဖွဲ့ကမှအဆိုပါ အကြောင်းအချက်များကိုတင်ပြစေရန်၊သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ သက်သေခံစေရန် ပြည်သူ့ဝန်ထမ်းတစ်ဦးအား ဆင့်ဆိုပိုင်ခွင့် မရှိစေရ။

သို့ရာတွင် ပြည်ထောင်စုအစိုးရက တရားလို၊ သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သည့် အမှုအတွက် ပြည်ထောင်စုအစိုးရက ဤကိစ္စအတွက် တာဝန်လွှဲအပ်သောအဖွဲ့က သဘောတူညီလျှင် ဆင့်ဆိုပိုင်ခွင့်ရှိသည်၊

www.burmeseclassic.com



(ခ) ပြည်သူ့ဝန်ထမ်းတစ်ဦးသည် အဆိုပါ အကြောင်းအချက် များကို ပြည်ထောင်စုအစိုးရကိစ္စမှအပ ထုတ်ဖော်ခြင်းမပြုရ၊

(ဂ) ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်သော ပြည်သူ့ဝန်ထမ်းအား တရားစွဲဆို၍ ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်လျှင် ခြောက်လအထိ ထောင်ဒဏ် အပြစ်ပေးနိုင်သည်။

ရှင်းလင်းချက်။ ပြည်သူ့ဝန်ထမ်းဆိုသည်မှာ ပြည်ထောင်စု အစိုးရကအခါအားလျော်စွာ သတ်မှတ် ထားသည့် ပုဂ္ဂိုလ်များဖြစ်စေရမည်။

၅၀။ ခွင့်ပြုချက်ဖြင့် တရားစွဲဆိုခြင်း

ပုဒ်မ ၄၉ ပါ ကိစ္စအတွက် *ပြည်ထောင်စုအစိုးရ အဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်လွှဲအပ်ထားသောအဖွဲ့၏ ကြိုတင် ခွင့်ပြုချက်ကိုရမှ တရားစွဲဆိုနိုင်သည်။

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၄ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

## နည်းဥပဒေများပြုလုပ်ပိုင်ခွင့်

*၅၁။ နည်းဥပဒေများ၊ စည်းမျဉ်းများ စသည်တို့ ပြုလုပ်ပိုင်ခွင့်

ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေများနှင့် စည်းမျဉ်းများ၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## အခန်း (၁၇)

## အထွေထွေ

၅၂။ စာရင်းများတွင် ပါရှိရမည့် အချက်အလက်များ

(က) ဤဥပဒေပါ စည်းကြပ်မှုများအတွက် ထားရှိသည့် စာရင်းများသည် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်ရမည်၊

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၂၃ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


*(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ အခွန်ထမ်းအမျိုးအစား တစ်ခုခုအတွက်ဖြစ်စေမည်သည့်အချက်အလက်များပါဝင်သည့်စာရင်းပုံစံများထားရှိရမည်ကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

၅၃။ ဤဥပဒေအရ ချမှတ်သောအမိန့်ကြောင့် အခွန်တစ်ရပ်ရပ်ထမ်းဆောင်ရန်ရှိသောအခါ မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်တောင်းခံလွှာကိုစည်းမျဉ်းများအရ ပြဋ္ဌာန်းထားသည့် ပုံစံဖြင့်ထမ်းဆောင်ရန်ရှိသောအခွန်ကို ဖော်ပြလျက်အခွန်ထမ်းထံသို့ ပေးပို့အတည်ပြုရမည်။

အခွန်တောင်းခံလွှာ

၅၄။ ဤဥပဒေအရ ကောက်ခံရရှိသည့် အခွန်တစ်ရပ်ရပ်အတွက် အခွန်ထမ်းအား ရရှိကြောင်းပြေစာပေးရမည်။

ပြေစာများ

၅၅။ ဤဥပဒေအရ အကြောင်းကြားစာ သို့မဟုတ်ဆင့်စာကို ထိုစာတွင်အမည်ဖော် ပြထားသူအားလည်းကောင်း၊ အကယ်၍ ပုဂ္ဂိုလ်စုဖြစ်လျှင်ယင်းပုဂ္ဂိုလ်စု၏ အရွယ်ရောက်သူ အဖွဲ့ဝင်တစ်ဦးဦး၊ သို့မဟုတ် ဒါရိုက်တာတစ်ဦးဦး၊

အကြောင်းကြားစာအတည်ပြုခြင်း

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၄ အရ အစားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com


သို့မဟုတ် အုပ်ချုပ်သူသို့မဟုတ် အတွင်းရေးမှူးအား လည်းကောင်း စာတိုက်မှပေးပို့ အတည်ပြုနိုင်သည်။ သို့မဟုတ် တရားစီရင်ရေးအဖွဲ့မှ တရားမကိစ္စအတွက် ထုတ်ဆင့်သည့် သမ္မာန်စာဖြစ်ဘိသကဲ့သို့ အတည်ပြုနိုင်သည်။

၅၆။ တာဝန်မှ ကင်းလွတ်ခွင့်

မည်သူမဆို အခြားသူတစ်ဦးပိုင် ဝင်ငွေနှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ အခွန်နုတ်ယူပေးဆောင်လျှင် ထိုသို့နုတ်ယူပေးဆောင်သည့်အတွက် ငွေပေးလျော်ရခြင်းစသည့် တာဝန်များမှ ကင်းလွတ်စေရမည်။

၅၇။ တရားစွဲဆိုခြင်းမှ တားမြစ်ခြင်း

ဤဥပဒေအရ ပြုလုပ်သည့် အခွန်စည်းကြပ်မှုတစ်ခုခုကို ပယ်ဖျက်ရန် သို့မဟုတ် ပြုပြင်ပြောင်းလဲရန် မည်သည့်တရားစီရင်ရေးအဖွဲ့တွင်မှ တရားမစွဲရ။ ထို့ပြင် ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သည့်ကိစ္စအတွက် မည်သည့်ပြည်သူ့ဝန်ထမ်းကိုမှ တရားစွဲဆိုခြင်း မပြုရ။

၅၈။ စည်းကမ်းသတ်ကာလအပိုင်းအခြား တွက်ချက်ခြင်း

ဤဥပဒေအရ အယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှု၊ သို့မဟုတ် လွှဲအပ်မှုအတွက် စည်းကမ်းသတ်ကာလကို တွက်ချက်ရာ၌ အယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှု၊ သို့မဟုတ် လွှဲအပ်မှုလျှောက်ထားရန်ဖြစ်ပေါ်စေသည့် အမိန့်မိတ္တူကူးယူရန် လိုအပ်သည့်ကာလနှင့် ပုဒ်မ ၃၂ ပုဒ်မခွဲ(၁)၏ အပိုဒ်

www.burmeseclassic.com

www.burmeseclassic.com



(၂)အရ အငှားခံဝင်ခွင့် တောင်းခံရယူရန် လိုအပ်သည့်ကာလတို့ကို မထည့်သွင်းရ။

## *အခန်း (၁၈)

**၅၉။ မြို့နယ်အလိုက် ပုဂ္ဂိုလ်တစ်ဦးချင်းထံမှ ကောက်ခံရရှိသည့်အခွန်အနက် ကျပ်ငွေဖြင့်ကောက်ခံရငွေကို ပြည်ထောင်စုအစိုးရအဖွဲ့က မြို့နယ်အလိုက်သတ်မှတ်သော ရာခိုင်နှုန်း အချိုးအတိုင်း သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေသို့ လွှဲပြောင်း ပေးသွင်းနိုင်သည်။

---

* ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၅ အရ ပယ်ဖျက်သည်။

** ၂၀၁၁ ခုနှစ် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၅ အရ အသားထိုးသည်။

www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၀)**

၁၃၅၁ခုနှစ်၊နှောင်းတန်ခူးလဆန်း ၆ ရက်
( ၁၉၉၀ပြည့်နှစ် ၊ မတ်လ ၃၁ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည်
အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊အကျိုးသက်ရောက်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ၁၉၉၀-၁၉၉၁ ဘဏ္ဍာရေးနှစ် အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **အခွန်** ဆိုသည်မှာ ဤဥပဒေအရ ပေးဆောင်ရမည့် အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရတပ်ရိုက်သည့် ဒဏ်ငွေလည်း ပါဝင်သည်၊

(ခ) **အခွန်ထမ်း*** ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရန် တာဝန်ရှိသူကို ဆိုသည်၊

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥ ဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၄(က) အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com



(ဂ) **ကုန်စည်** ဆိုသည်မှာ ပြည်ပမှတင်သွင်းသော ပစ္စည်း သို့မဟုတ် ရောင်းချရန်အလို့ငှာ ပြည်တွင်း၌ ထုတ်လုပ်သည့် ပစ္စည်းကိုဆိုသည်၊

(ဃ) **ဝန်ဆောင်မှု***ဆိုသည်မှာ အခကြေးငွေ ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးခြင်းကို ဆိုသည်၊

(င) **ရောင်းရငွေ****ဆိုသည်မှာ ကုန်စည်ကို လက်ငင်းဖြစ်စေ ၊ ကြွေးဖြင့်ဖြစ်စေ ၊ အခြားဆိုင်းငံ့စနစ်ဖြင့်ဖြစ်စေ၊ ကြိုတင် အရောင်းစနစ်ဖြင့်ဖြစ်စေ ရောင်းချ၍ရငွေ သို့မဟုတ် ရရန် ငွေကိုဆိုသည်။ ကုန်စည်ချင်းလဲလှယ်ခြင်းဖြစ်လျှင် ယင်းသို့ ပြုလုပ်ရာတွင် သတ်မှတ်သည့်တန်ဖိုးကို ဆိုသည်။ ယင်း စကားရပ်တွင် ကုန်စည်ကို ထည့်သွင်းထုပ်ပိုးသော ပစ္စည်း တန်ဖိုးလည်း ပါဝင်သည်၊

(စ) **ဝန်ဆောင်မှုရငွေ** ဆိုသည်မှာ ဝန်ဆောင်မှုကို ဆောင်ရွက်သည့် အတွက် ရငွေ သို့မဟုတ် ရရန်ငွေကို ဆိုသည်၊

(ဆ) **ကုန်ထုတ်လုပ်သူ** ဆိုသည်မှာ ကုန်စည်ကို မိမိပိုင် စက်ရုံ ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင် ဖြစ်စေ၊ အခြားသူအား အပ်နှံ၍ ဖြစ်စေ ထုတ်လုပ်၍ရောင်းချသူကို ဆိုသည်၊

(ဇ) **ဝန်ဆောင်မှုဆောင်ရွက်သူ** ဆိုသည်မှာ ဝန်ဆောင်မှုကို အခကြေးငွေ၊ အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်သူကို ဆိုသည်၊

---

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၄(က) အရ အစားထိုးပြင်ဆင်သည်။

** ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၄(ခ) အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



(ဈ) **တင်သွင်းသူ*** ဆိုသည်မှာ ကုန်စည်ကိုဖြစ်စေ၊ ဝန်ဆောင်မှုကို ဖြစ်စေ မည်သည့် နည်းလမ်းဖြင့်မဆို ပြည်ပမှတင်သွင်း ဆောင်ရွက်သူကို ဆိုသည်၊

(ည) **ကုန်းပေါ်ရောက်တန်ဖိုး** ဆိုသည်မှာ ပြည်ပမှတင်သွင်းသော ပစ္စည်းအပေါ် အကောက်ခွန်ဥပဒေများအရ သတ်မှတ်သည့် တန်ဖိုး၊ ယင်းပစ္စည်းအပေါ် စည်းကြပ်သည့် အကောက်ခွန်နှင့် ကုန်ချစရိတ်တို့ ပေါင်းစပ်ရရှိသောငွေကို ဆိုသည်၊

(ဋ) **ကြေညာလွှာ** ဆိုသည်မှာ ဤဥပဒေအရ အခွန်ပေးဆောင်ရမည့် အခွန်ထမ်းက မိမိ၏ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေကို ဖော်ပြသောပုံစံကို ဆိုသည်၊

(ဌ) **ဇယား** ဆိုသည်မှာ ဤဥပဒေ၏ နောက်ဆက်တွဲ ဇယား များကို ဆိုသည်၊

(ဍ) **စည်းကြပ်** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင် ရမည့်အခွန် သတ်မှတ်ခြင်းကို ဆိုသည်၊

(ဎ) **နှစ်** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်ကို ဆိုသည်၊

(ဏ) **စည်းကြပ်နှစ်** ဆိုသည်မှာ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ရှိသောနှစ်နှင့် တစ်ဆက်တည်း ဖြစ်သော နောက်နှစ်ကို ဆိုသည်၊

(တ) **သုံးလ**** ဆိုသည်မှာ ဘဏ္ဍာရေးနှစ်စတင်သော ကာလမှ စ၍ သုံးလအလိုက် ကာလအပိုင်းအခြားကို ဆိုသည်၊

(ထ) **မြို့နယ်အခွန်ဦးစီးဌာနမှူး***** ဆိုသည်မှာ ဤဥပဒေအရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်ကို စည်းကြပ်

---

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၄(က) အရ အစားထိုးပြင်ဆင်သည်။

** ၁၉၉၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၄ အရ ဖြည့်စွက်သည်။

*** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၄(က) အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောက်ခံရန် တာဝန်ပေးထားသည့် သက်ဆိုင်ရာ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၏ တာဝန်ခံအရာရှိကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၀ အရ တာဝန်ခွဲဝေ ပေးအပ်ထားသော ဦးစီးအရာရှိများနှင့် ဒုတိယဦးစီးမှူးများလည်း ပါဝင်သည်၊

(ဒ) **ကုန်သွယ်မှု***ဆိုသည်မှာ ကုန်စည်ကို လက်ငင်း ဖြစ်စေ၊ အကြွေးဖြင့် ဖြစ်စေ၊ အခြား ဆိုင်းငံ့စနစ်ဖြင့် ဖြစ်စေ၊ ကြိုတင်အရောင်းစနစ်ဖြင့် ဖြစ်စေ၊ ကုန်စည်ချင်း လဲလှယ်ခြင်းစနစ်ဖြင့် ဖြစ်စေ ၊ အပ်ကုန်စနစ်ဖြင့်ဖြစ်စေ ဝယ်ယူရောင်းချသည့် ဆောင်ရွက်မှုကို ဆိုသည်၊

(ဓ) **ကုန်သွယ်မှုဆောင်ရွက်သူ**** ဆိုသည်မှာ ကုန်သွယ်မှုကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ် အဖြစ်ဖြစ်စေ၊ အခြားမည်သည့်နည်းလမ်းဖြင့်ဖြစ်စေ ဆောင်ရွက်သူကို ဆိုသည်၊

(န) **ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ***** ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်သွင်းရမည့် အခွန်အကောက်များဆိုင်ရာဥပဒေကို ဆိုသည်။

---

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၄(ခ) အရ ဖြည့်စွက်သည်။

** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၄(ခ) အရ ဖြည့်စွက်သည်။

*** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၄(ခ) အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)
## အခွန်ကျသင့်စေခြင်းနှင့်အခွန်ပေးဆောင်ရန် တာဝန်ရှိစေခြင်း

*၄။ မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ဇယား၌ ဖော်ပြထားသည့်အတိုင်း အခွန်ကျသင့် စေရမည်-

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ် ရောင်းချခြင်း၊

(ခ) ကုန်စည်တင်သွင်းခြင်း၊

(ဂ) ကုန်သွယ်မှု ဆောင်ရွက်ခြင်း၊

(ဃ) ဝန်ဆောင်မှု ဆောင်ရွက်ခြင်း။

**၅။ ပုဒ်မ ၄ အရ ကျသင့်သော အခွန်ကို -

(က) ကုန်စည်တင်သွင်းခြင်း ဖြစ်ပါက ကုန်စည် တင်သွင်းသူက ပေးဆောင်ရမည်၊

(ခ) ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှု ဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့် ကုန်စည်ကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ခြင်း ဖြစ်ပါက ကုန်စည်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှု ဆောင်ရွက်သူ သို့မဟုတ် ကုန်စည်တင်သွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သူက ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီရငွေ နှင့်အတူ ကုန်စည်ကိုဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ အခွန်ကို တစ်ပါတည်း ကောက်ခံပြီး ပေးဆောင်ရမည်၊

---

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၅ အရ အစားထိုးပြင်ဆင်သည်။

** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၆ အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ အထူးကုန်စည်များဖြစ်ပါက ကုန်ထုတ်လုပ်သူ၊ ကုန်စည်ကို တင်သွင်းသူက ပေးဆောင်ရမည်။

*၆။ မည်သည့်နှစ်အတွက်မဆို ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့် -

(က) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကို ဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ပြုနိုင်သည်၊

(ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ပမာဏကို သတ်မှတ်နိုင်သည်။

၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဘာသာရေး သို့မဟုတ် ကုသိုလ်ရေး အဖွဲ့အစည်းတစ်ခုခုက ဘာသာရေး သို့မဟုတ် ကုသိုလ်ရေးကိစ္စ သက်သက်အတွက် ထုတ်လုပ်ရောင်းချသည့် ကုန်စည် သို့မဟုတ် **ဆောင်ရွက်သည့် ဝန်ဆောင်မှုအပေါ်တွင် အကျိုးမသက်ရောက်စေရ။

ကုသိုလ်ရေး*** ဆိုသည်တွင် ပညာရေး၊ ကျန်းမာရေး၊ ဆင်းရဲနွမ်းပါးသူများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံရသူများအားကယ်ဆယ်စောင့်ရှောက်ရေးစသည့် အများပြည်သူအကျိုးအတွက် ထောက်ပံ့ပေးကမ်းခြင်းများ ပါဝင်သည်။

---

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၇ အရ အစားထိုးပြင်ဆင်သည်။

** ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၅ အရ အစားထိုးပြင်ဆင်သည်။

*** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၈ အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)
## အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်ပြုခြင်း

*၈။(က) ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(၁) ကုန်စည်တစ်မျိုးမျိုးအတွက် ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်အတွက် ဖြစ်စေ၊ အခွန်ထမ်း တစ်ဦးဦးအတွက် ဖြစ်စေ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊ ပြန်လည် ရုပ်သိမ်းခြင်း၊

(၂) အသစ်ထူထောင်သော လုပ်ငန်း တစ်ရပ်ရပ် သို့မဟုတ် လက်ရှိဆောင်ရွက်ဆဲ လုပ်ငန်း တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ပေးခြင်း-

(ကက) အသစ်တည်ဆောက်ရာတွင် သို့မဟုတ် ဆောင်ရွက်ဆဲလုပ်ငန်းများတွင် တပ်ဆင်အသုံးပြုရန် ပြည်ပမှ တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများနှင့် အခြားပစ္စည်းများ အပေါ်တွင် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊

(ခခ) ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း စီးပွားဖြစ် စတင်သောနေ့မှ တစ်ဆက်တည်း ၃၆လ အထိ နှစ်

---

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၉ အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကန့်သတ်ချက်ဖြင့် အခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊

(၃) နိုင်ငံတော်အတွင်း ထုတ်လုပ်၍ ပြည်ပသို့တင်ပို့ ရောင်းချသော ကုန်စည်တစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုခြင်း၊

(ခ) ပြည်ထောင်စုအစိုးရသည် အောက်ဖော်ပြပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်း ပြုလုပ်နိုင်သည်-

(၁) ပြည်တွင်းပြည်ပ အလှူရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ နိုင်ငံတော်အတွင်း လူမှုရေး၊ဘာသာရေး၊ ကျန်းမာရေး ၊ ပညာရေးကိစ္စရပ်များအတွက် လှူဒါန်းသည့် ကုန်စည်များ၊

(၂) ပြည်တွင်း ပြည်ပအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ အထောက်အပံ့များအဖြစ် ပေးအပ်သော ကုန်စည်များ၊

(၃) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အလှူရှင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များ၊ကျွမ်းကျင်သူများ မြန်မာနိုင်ငံအတွင်း နေထိုင်စဉ် အသုံးပြုရန်တင်သွင်းလာသည့်အသုံးအဆောင်ပစ္စည်းများ၊

(၄) တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်အခွင့်အရေးမှု (Reciprocal Basis) အရ သံတမန်များနှင့် စပ်လျဉ်းသည့် ကုန်စည်များ။

၉။ မည်သည့် ကုန်စည်ထုတ်လုပ်မှု သို့မဟုတ် ဝန်ဆောင်မှုကိုမဆို အခွန်တစ်ကြိမ်တည်းသာကျသင့်စေလိုလျှင် ယင်းသို့ကျသင့်စေရန် စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)
## တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၀။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ခံယူလုပ်ကိုင်ခွင့် ရှိရမည်။ ထို့ပြင် မိမိဦးစီးဌာန ဝန်ထမ်းများအား တာဝန်ခွဲဝေ ပေးအပ်၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

## အခန်း(၅)
## မှတ်ပုံတင်ခြင်း၊လုပ်ငန်းစတင်ကြောင်း အကြောင်းကြားစာ ပေးပို့ခြင်း

၁၁။ (က) မည်သူမဆို *ကုန်စည် ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်လျှင် စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံတွင် မှတ်ပုံတင်ရမည်၊

(ခ) မည်သူမဆို** ကုန်စည်ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို စတင်လုပ်ကိုင်လျှင် ယင်းသို့ လုပ်ငန်းစတင် လုပ်ကိုင်ကြောင်း အကြောင်းကြားစာကို စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်၊

(ဂ) မည်သူ့အားမဆို ၎င်း၏လုပ်ငန်း နှင့်စပ်လျဉ်း၍ စည်းမျဉ်းများနှင့်အညီ မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်း စတင်

---

* ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၇ အရ ပယ်ဖျက်သည်။

** ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၇ အရ ပယ်ဖျက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်ကြောင်း အကြောင်းကြားစာကို ပေးပို့ရန် မြို့နယ် အခွန်ဦးစီးဌာနမှူးက အကြောင်းကြားနိုင်သည်။

## အခန်း(၆)

## * လစဉ်အခွန်ပေးဆောင်ခြင်းနှင့်သုံးလတစ်ကြိမ် ကြေညာလွှာပေးပို့ခြင်း

**၁၂။ (က) မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ် ကျသင့်သော အခွန်ကို သက်ဆိုင်ရာလ ကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ပေးဆောင်ရမည်။ ထို့ပြင် သုံးလ တစ်ကြိမ် ကြေညာလွှာကို သက်ဆိုင်ရာသုံးလပတ် ကုန်ဆုံး ပြီးနောက် တစ်လအတွင်း သက်ဆိုင်ရာ မြို့နယ်အခွန် ဦးစီးဌာနမှူးထံ ပေးပို့ရမည်၊

(ခ) မည်သူ့ကိုမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက် သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ရှိသည်ဟု ယူဆရန် အကြောင်းရှိလျှင် လစဉ်ကျသင့်သော အခွန်ငွေ ကို ပေးဆောင်စေရန်နှင့် သုံးလတစ်ကြိမ် ကြေညာလွှာကို ပေးပို့စေရန် မြို့နယ်အခွန်ဦးစီးဌာနမှူးက အကြောင်းကြား နိုင်သည်၊

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ အခွန်ပေးဆောင်ရန် ပျက်ကွက်လျှင် သော်လည်းကောင်း၊ ပေးဆောင်ထိုက်သည့် အခွန်ငွေထက် လျော့နည်းပေးဆောင်သည်ဟု ယူဆရန် အကြောင်းရှိလျှင် သော်လည်းကောင်း မြို့နယ်အခွန်ဦးစီးဌာန

---

* ၁၉၉၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၅ အရ အစားထိုးပြင်ဆင်သည်။

** ၁၉၉၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၆ အရ အမှားကိုပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မှူးက ရရှိထားသော သတင်းအချက်အလက်များ အပေါ် အခြေပြု၍ ပေးဆောင်ရန် အခွန်ငွေ သို့မဟုတ် ထပ်မံပေးဆောင်ရန်ငွေကို ခန့်မှန်းတွက်ချက် တောင်းခံနိုင်သည်၊

(ဃ) ပုဒ်မခွဲ (က) ၊ (ခ) သို့မဟုတ် (ဂ) အရ ပေးဆောင်ခဲ့သောငွေကို စည်းကြပ်မှုအရ ကျသင့်သည့်အခွန်မှ နုတ်ယူပေးရမည်၊

(င) ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ ပြည်ပမှ ပစ္စည်းတင်သွင်းသူက ပေးဆောင်ရမည့် အခွန်ကို အကောက်ခွန် ကောက်ခံသည့် နည်းလမ်းများအတိုင်း အကောက်ခွန်နှင့် တစ်ပါတည်း အကောက်ခွန်ဦးစီးဌာနက ကောက်ခံပေးရမည်။

## အခန်း(၇)
## နှစ်ချုပ်ကြေညာလွှာပေးပို့ခြင်း

၁၃။ (က) မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ရှိလျှင် ယင်းနှစ်အတွက် နှစ်ချုပ်ကြေညာလွှာကို သက်ဆိုင်ရာနှစ် ကုန်ဆုံးပြီး သုံးလအတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ရမည်၊

(ခ) မည်သူ့အားမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေရှိသည်ဟု ယူဆရန် အကြောင်းရှိလျှင် နှစ်ချုပ်ကြေညာလွှာ ပေးပို့ရန် မြို့နယ်အခွန်ဦးစီးဌာနမှူးက အကြောင်းကြားနိုင်သည်၊

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) အရ တင်သွင်းသည့် ကြေညာလွှာပါအချက်များယွင်းချက်၊ ကျန်ရှိချက်ရှိလျှင် စည်းကြပ်မှု ပြုလုပ်မီ ပြင်ဆင်ခွင့်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)
## စည်းကြပ်ခြင်းနှင့်ပြန်အမ်းခြင်း

၁၄။ (က) ပုဒ်မ ၁၃ အရပေးပို့သော နှစ်ချုပ်ကြေညာလွှာသည် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ နှင့်စပ်လျဉ်း၍ မှန်ကန် ပြည့်စုံသည်ဟု မြို့နယ်အခွန်ဦးစီးဌာနမှူးက ယုံကြည် ကျေနပ်လျှင် ယင်းကြေညာလွှာကို အခြေပြု၍ အခွန်စည်းကြပ်နိုင်သည်၊

(ခ) လိုအပ်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးက အခွန်ထမ်းအား စာရင်း အထောက်အထားများ တင်ပြစေခြင်း၊ ခေါ်ယူ စစ်ဆေးစေခြင်းတို့ကို ပြုလုပ်ပြီးနောက် ယင်းစာရင်း အထောက်အထားများမှ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင် မှုရငွေကို မှန်ကန်စွာရရှိနိုင်လျှင် ယင်းစာရင်း အထောက် အထားများကို အခြေပြု၍ အခွန်စည်းကြပ်နိုင်သည်၊

*(ဂ) အခွန်ထမ်းတင်ပြသော စာရင်း အထောက်အထားများမှ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို မှန်ကန်စွာ မရရှိ နိုင်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုအပ်သော အခြား သက်သေခံ အထောက်အထားများကို စိစစ်ပြီး အခွန် စည်းကြပ် ရမည်၊

**(ဃ) အခွန်ထမ်းက နှစ်ချုပ် ကြေညာလွှာပေးပို့ရန်၊ စာရင်း အထောက်အထား တင်ပြရန် သို့မဟုတ် လာရောက် အစစ် အဆေးခံရန် ပျက်ကွက်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ရရှိထားသော သတင်းအချက်အလက်များကို အခြေပြု၍

---

* ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၈(က) အရ အစားထိုးပြင်ဆင်သည်။

** ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၈(ခ) အရ ဖြည့်စွက်သည်။

www.burmeseclassic.com



အခွန်ကို ခန့်မှန်းစည်းကြပ် နိုင်သည်။ အခွန်မစည်းကြပ်မီ မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးခြင်း၊ လိုအပ်သည့် သတင်း အချက်အလက်များ တောင်းယူခြင်းကို ပြုလုပ်နိုင်သည်။

၁၅။ အောက်ပါတို့အား သက်ဆိုင်ရာဘဏ္ဍာနှစ် ကုန်ဆုံးပြီးသည့်အချိန် အထိစောင့်ဆိုင်းခြင်းမပြုဘဲ နှစ်အတွင်း အခွန်စည်းကြပ်ကောက်ခံ နိုင်ရန် စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက် ရမည်-

* (က) ပြည်ပသို့အပြီးအပိုင်ထွက်ခွာသွားမည့်သူ၊

(ခ) လုပ်ငန်းရပ်စဲသူ၊

(ဂ) ဖျောက်ဖြေမှုကျင်းပသူ၊

** (ဃ) လစဉ်ပုံသေနှုန်းထားဖြင့် အခွန်ပေးဆောင်သူ။

***၁၅-က။ မည်သူမဆို မြန်မာနိုင်ငံမှ ထွက်ခွာသွားမည့်သူ ဖြစ်ပါက ဤဥပဒေအရ အခွန်ပေးဆောင်ရန် စီမံပြီးကြောင်း ထောက်ခံ စာလက်မှတ်ကို စည်းမျဉ်းများပါ သတ်မှတ်ချက်များနှင့်အညီ ရယူရမည်။

သို့ရာတွင် ယင်းကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခြွင်းချက်ပြုနိုင်သည်။

၁၆။ ပေးဆောင်ထားသော အခွန်သည် အမှန်ပေးဆောင်အပ်သည့်ငွေထက်ပိုနေကြောင်း အခွန်ထမ်းက အထောက်အထားဖြင့် တင်ပြနိုင်လျှင်သော်လည်းကောင်း၊မြို့နယ်အခွန်ဦးစီးဌာနမှူးကတွေ့ရှိလျှင် သော်လည်းကောင်း ယင်းပိုငွေကို ပြန်အမ်းရမည်။ အခွန်ထမ်း

---

* ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၉ အရ အစားထိုးပြင်ဆင်သည်။

** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၀ အရ ဖြည့်စွက်သည်။

*** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၁ အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည် ပြန်အမ်းငွေရရန်ရှိကြောင်း အကြောင်းကြားစာ ရရှိသည့်နေ့ရက်မှ တစ်နှစ်အတွင်းသာ တောင်းဆိုခွင့် ရှိသည်။

## အခန်း(၉)

## စည်းကြပ်ခြင်း သို့မဟုတ် ပြန်လည်စည်းကြပ်ခြင်းနှင့် မှားယွင်းချက်ကိုပြင်ဆင်ခြင်း

၁၇။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် မည်သည့်နှစ်တွင်မဆို အောက်ပါ အကြောင်းတစ်ခုခု နှင့်စပ်လျဉ်း၍ အခွန်ထမ်းအားနှစ်ချုပ်ကြေညာလွှာပေးပို့ရန် သက်ဆိုင်ရာ စည်းကြပ်နှစ်ကုန်ဆုံးပြီး သုံးနှစ်အတွင်း အကြောင်းကြားနိုင်သည်။ ယင်းသို့ အကြောင်းကြားပြီးနောက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မည်သည့် အချိန်တွင်မဆို စည်းကြပ်မှု သို့မဟုတ် ပြန်လည် စည်းကြပ်မှု ပြုလုပ်နိုင်သည်-

(၁) အခွန် စည်းကြပ်ထိုက်လျက် စည်းကြပ်မှုမှ လွတ်ကင်းနေခြင်း၊

(၂) အခွန်လျော့နည်း စည်းကြပ်ခဲ့ခြင်း။

သို့ရာတွင် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတို့နှင့်စပ်လျဉ်း၍ လိမ်လည် တိမ်းရှောင်ခြင်း၊ ထိမ်ချန်ခြင်းကြောင့် စည်းကြပ်မှု သို့မဟုတ် ပြန်လည် စည်းကြပ်မှု ပြုလုပ်ရန် လိုအပ်ကြောင်း တွေ့ရှိလျှင် သက်ဆိုင်ရာ စည်းကြပ်နှစ် ကုန်ဆုံးပြီးနောက် မည်သည့်အချိန်တွင်မဆို ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ကြိုတင်ခွင့်ပြုချက်အရ စည်းကြပ်မှု သို့မဟုတ် ပြန်လည် စည်းကြပ်မှု ပြုလုပ်နိုင်သည်၊

www.burmeseclassic.com

www.burmeseclassic.com



(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်သည့်အခါ သက်ဆိုင်ရာနှစ်အတွက် အကျိုးသက်ရောက်သည့် ဇယားပါ အခွန်နှုန်းအတိုင်းသာ အခွန်ကို တွက်ချက်တောင်းခံရမည်။

၁၈။ (က) မြို့နယ်အခွန်ဦးစီးဌာနမှူး၊ *ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အယူခံခုံအဖွဲ့သည် မိမိဆောင်ရွက်သည့် စည်းကြပ်မှု သို့မဟုတ် အယူခံမှုဆိုင်ရာ အမိန့် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မှတ်တမ်းမှ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက် တစ်ခုခုကို တွေ့ရှိလျှင်ဖြစ်စေ၊ အခွန်ထမ်း သို့မဟုတ် အယူခံသူက တင်ပြလျှင်ဖြစ်စေ ယင်းအမိန့် ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြင်နိုင်သည်။ သို့ရာတွင် အခွန်ကို တိုးမြှင့်စေသည့် သို့မဟုတ် ပြန်အမ်းငွေကို လျှော့နည်းစေသည့် ပြင်ဆင်ချက် ပြုလုပ်ရန်ဖြစ်လျှင် အခွန်ထမ်းအား ဖြေရှင်းခွင့်ပေးရမည်၊

(ခ) ပုဒ်မခွဲ (က) အရဆောင်ရွက်သည့်အခါ သက်ဆိုင်ရာနှစ်အတွက် အကျိုးသက်ရောက်သည့် ဇယားပါနှုန်းအတိုင်းသာ အခွန်ကို တွက်ချက်တောင်းခံရမည်။

---

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၃ အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)
## အယူခံခြင်း

၁၉။ (က) *အခွန်ထမ်းသည် မကျေနပ်လျှင် အောက်ပါသူများထံ အယူခံဝင်နိုင်သည်-

(၁) အခွန်ကျပ်သုံးသောင်းထက်ပိုလျှင် **ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး၊

(၂) *** ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်ဖြစ်ပြီး အခွန် ကျပ်တစ်သိန်းထက်ပိုလျှင် အခွန်အယူခံခုံအဖွဲ့၊

(၃) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်သည့် ဥပဒေရေးရာ ပြဿနာနှင့် စပ်လျဉ်းလျှင် ပြည်ထောင်စု ဘရားလွှတ်တော်ချုပ်၊

---

* ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၀(က) အရ အစားထိုးပြင်ဆင်သည်။

** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၃ အရ အစားထိုးပြင်ဆင်သည်။

*** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၃ အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



(ခ) * အခွန်ထမ်းသည် မိမိနှင့်သက်ဆိုင်သော မည်သည့်အမိန့်ကိုမဆို မကျေနပ်လျှင် စည်းမျဉ်းများနှင့်အညီ အယူခံဝင်ခွင့်ရှိသည်။ အခွန်ထမ်းသည် မြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့်ဖြစ်ပါက အခွန်တောင်းခံလွှာ သို့မဟုတ် မိမိမကျေနပ်သောအမိန့် ရရှိသည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း အယူခံလွှာ တင်သွင်းရမည်။ ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးက ချမှတ်သည့်အမိန့်ကို မကျေနပ်လျှင် အယူခံအခွန်ထမ်း သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ယင်းမကျေနပ်သောအမိန့် ရရှိသည့်နေ့မှ ရက်ပေါင်းခြောက်ဆယ်အတွင်း အယူခံလွှာကို တင်သွင်းရမည်။ ကာလစည်းကမ်းသတ် တွက်ချက်ရာတွင် အောက်ပါကာလများကို နုတ်ပယ်ရမည်-

(၁) အယူခံဝင်လိုသည့် အမိန့် မိတ္တူကူးရန်လိုအပ်သော ကာလ၊

(၂) အခွန်အကျေ မပေးသွင်းဘဲ အယူခံခွင့် တောင်းခံရယူသည့် ကာလ၊

(ဂ) ပုဒ်မခွဲ (ခ) ပါ ကာလ စည်းကမ်းသတ်ကို လုံလောက်သော အကြောင်းရှိလျှင် **ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၂ အရ အစားထိုးပြင်ဆင်သည်။

** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၃ အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး၊ အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လျှော့ပေါ့၍ လက်ခံနိုင်သည်၊

(ဃ) အယူခံဝင်လိုသူသည် အောက်ပါအတိုင်း ဆောင်ရွက်မှသာ အယူခံခွင့်ရှိသည်-

(၁) ပေးဆောင်ရမည့်အခွန်ကို အကျေပေးသွင်းခြင်း၊ သို့မဟုတ်

(၂) * ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးထံ လျှောက်ထား၍ ယင်းကဆုံးဖြတ်သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(င) အယူခံမှုပြီးမြောက်အောင် ဆောင်ရွက်ရာ၌ အယူခံသူအားပြောရေးဆိုခွင့်ပေးပြီးနောက် သင့်လျော်သော အမိန့်ကိုချမှတ်နိုင်သည်၊

(စ) ** အခွန်သည် ကျပ်သုံးသောင်းထက်မပိုလျှင် မြို့နယ်အခွန်ဦးစီးဌာနမှူး၏ အမိန့်သည် လည်းကောင်း၊ အခွန်သည်ကျပ်တစ်သိန်းထက် မပိုလျှင် *** ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ

---

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၃ အရ အစားထိုးပြင်ဆင်သည်။

** ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၀(ခ) အရ အစားထိုးပြင်ဆင်သည်။

*** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၃ အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခွန်ရုံးဌာနမှူး၏ ဆုံးဖြတ်ချက်သည် လည်းကောင်း၊ အခွန်သည် ကျပ်တစ်သိန်းအထက်ဖြစ်ပြီး ဥပဒေရေးရာ ပြဿနာမပေါ်ပေါက်လျှင် အခွန်အယူခံခုံအဖွဲ့၏ အဆုံးအဖြတ်သည်လည်းကောင်း အပြီးအပြတ် ဖြစ်စေရမည်။

*၁၉-က။ (က) အခွန်အယူခံခုံအဖွဲ့၏အမိန့်တွင် ဥပဒေကြောင်း နှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့် အချက်တစ်ခုခုပေါ်ပေါက်လျှင် အခွန်ထမ်းကဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးကဖြစ်စေ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ဆုံးဖြတ်စေရန် အခွန်အယူခံခုံအဖွဲ့ထံသို့ ယင်းအဖွဲ့၏အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်း ခြောက်ဆယ်အတွင်း အဆိုပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ(က) အရ အဆိုပြုချက်ကို အခွန်အယူခံခုံအဖွဲ့က ငြင်းပယ်လျှင် ယင်းသို့ ငြင်းပယ်ခြင်းခံရသူက ငြင်းပယ်သည့် အမိန့်ရရှိသည့်နေ့မှ ရက်ပေါင်းခြောက်ဆယ် အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၃ အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)
## မြို့နယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်က ချမှတ်သော အမိန့်ကိုပြင်ဆင်ခြင်း

၂၀။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် မိမိသဘောအလျောက်ဖြစ်စေ၊ အခွန်ထမ်း၏ တင်ပြချက်အရ ဖြစ်စေ မြို့နယ်အခွန်ဦးစီးဌာနမှူး၊ *ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးတို့က ချမှတ်သော မည်သည့်အမိန့်ကိုမဆို ယင်းအမိန့်ချမှတ်သည့်နေ့မှ သုံးနှစ်အတွင်း ပြန်လည်စိစစ်၍ သင့်လျော်သောအမိန့်ကို ချမှတ်နိုင်သည်။ သို့ရာတွင် အောက်ပါကိစ္စများ၌ အခွန်ထမ်းက တင်ပြခွင့်မရှိစေရ-

(က) ** ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ အယူခံဝင်နိုင်သည့်ကိစ္စ၌ အယူခံဝင်နိုင်သည့် အချိန်ကာလ မကုန်ဆုံးသေးခြင်း သို့မဟုတ် အယူခံဝင်ထားဆဲဖြစ်ခြင်း၊

(ခ) အခွန်ထမ်းသည် ပုဒ်မ ၁၉ ပုဒ်မခွဲ (ဃ)ကို လိုက်နာဆောင်ရွက်မှုမရှိခြင်း။

---

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၃ အရ အစားထိုးပြင်ဆင်သည်။

** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၃ အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

## ပြစ်မှုများနှင့်ပြစ်ဒဏ်များ

*၂၁။ မည်သူမဆို လုံလောက်သော အကြောင်းမရှိဘဲ အောက်ပါ ပျက်ကွက်မှုတစ်ရပ်ရပ်ရှိလျှင် ထိုသူအား မြို့နယ်အခွန်ဦးစီးဌာနမှူး သည် သက်ဆိုင်ရာ ပျက်ကွက်မှုတစ်မျိုးစီအတွက် အောက်ဖော်ပြပါ သတ်မှတ်ရာခိုင်နှုန်းအတိုင်း ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။ ထိုသို့ ဒဏ်ငွေပေးဆောင်ရာတွင် ပုဒ်မခွဲ (စ) ပါ ဒဏ်ငွေကို ဘဏ္ဍာနှစ်ကုန်အထိ စောင့်ဆိုင်းရန်မလိုဘဲ သီးခြား စည်းကြပ် ကောက်ခံရမည်-

(က) မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊ လုပ်ငန်းစတင်ကြောင်း အကြောင်းကြားစာ ပေးပို့ရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(ခ) သတ်မှတ်ထားသောအချိန်အတွင်း လစဉ် ကျသင့်အခွန် ပေးသွင်းရန် ပျက်ကွက်ခြင်း၊ သုံးလတစ်ကြိမ် ကြေညာလွှာ ပေးပို့ရန် ပျက်ကွက်ခြင်း၊ နှစ်ချုပ် ကြေညာလွှာပေးပို့ရန် ပျက်ကွက်ခြင်းတို့အတွက် ပျက်ကွက်မှု တစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(ဂ) နှစ်ချုပ်ကြေညာလွှာအရ ကျသင့်သော အခွန်ကို ပေးသွင်းရန် ပျက်ကွက်ခြင်း၊ စည်းကြပ်မှုနှင့်စပ်လျဉ်း၍ စစ်ဆေးရန် အကြောင်းကြားခေါ်ယူခြင်းကို လိုက်နာရန်ပျက်ကွက်ခြင်း တို့အတွက် ပျက်ကွက်မှုတစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(ဃ) အခွန်ပေးဆောင်ရန် သတ်မှတ်ပေးထားသော သို့မဟုတ် တိုးမြှင့်ပေးထားသောရက်အတွင်း ပေးသွင်းရန် ပျက်ကွက်

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၄ အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြင်းအတွက် စည်းကြပ်မှုအရ ထပ်မံပေးသွင်းရမည့် အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(င) ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းအရ သတ်မှတ်ထားသော ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား ထားရှိရန်ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်း၊

(စ) ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ကြောင်းကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံ ရရှိကြောင်း အထောက်အထား တန်ဖိုးအပေါ် ကျသင့်အခွန်၏ တစ်ရာရာခိုင်နှုန်း။

*၂၁-က။ မည်သူမဆို ဤဥပဒေအရ ** ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ထားရှိရန် သတ်မှတ်ထားသောစာရင်းများကို သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးက တင်ပြရန် တောင်းဆိုသည့်အခါ လုံလောက်သောအကြောင်းမရှိဘဲ တင်ပြရန် ပျက်ကွက်လျှင် ထိုသူအား သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးသည် စည်းကြပ်မှုအရ *** ကျသင့်အခွန်၏ တစ်ဆယ် ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်။

---

* ၁၉၉၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၇ အရ ဖြည့်စွက်သည်။

** ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၁(ခ) အရ အစားထိုးပြင်ဆင်သည်။

*** ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၁(ခ) အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



၂၂။ (က) (၁) မည်သူမဆို အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ကြောင်း သို့မဟုတ် အခွန်လျော့နည်းစေရန် ရှောင်းရှင်း သို့မဟုတ် ဝန်ဆောင်မှုရငွေတို့နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ထိမ်ချန်ကြောင်းတွေ့ရှိလျှင် ထိုသူအား သတ်မှတ်သည့် အချိန်အတွင်းတွင် အပြည့်အစုံ ထုတ်ဖော်ခွင့်ပေးရမည်၊

(၂) ထိုသူသည် ခွင့်ပြုထားသော ကာလအတွင်း အပြည့်အစုံ ထုတ်ဖော်ခဲ့လျှင် ယင်းက ပေးဆောင်ရမည့်အခွန်အပြင် တိမ်းရှောင်သည့် အခွန်၏ သို့မဟုတ် ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏ တစ်ဆနှင့် ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည်၊

(၃) ထိုသူသည် ခွင့်ပြုထားသည့် ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်လျှင် သို့မဟုတ် တိမ်းရှောင် ထိမ်ချန်ခဲ့သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက် လျော့နည်း ထုတ်ဖော်လျှင် ပုဒ်မခွဲငယ်(၂) ပါအတိုင်း အခွန်နှင့်ဒဏ်ငွေ နှစ်ရပ်စလုံး ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်းခံရမည်။ တရားစွဲဆို၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက *တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

---

* ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၂ (က) အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com



(ခ) မည်သူမဆို လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် မိမိ၏ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေများနှင့် စပ်လျဉ်းသည့် မမှန်မကန်သော ကြေညာလွှာကို တမင်သက်သက် ပေးပို့ကြောင်း၊ မမှန်မကန်သော သို့မဟုတ် မမှန်မကန်ဟု မိမိသိရှိ ယုံကြည်သော စာရင်းစာအုပ်၊ စာရင်းရှင်းတမ်းများကို တင်ပြကြောင်း တွေ့ရှိလျှင် ကျသင့်သည့်အခွန်၏ တစ်ဆနှင့်ညီမျှသော ဒဏ်ငွေကိုပါ ပေးဆောင်ရမည့်အပြင် တရားစွဲဆိုခြင်းလည်း ခံရမည်။ တရားစွဲဆို၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက ထိုသူအား * သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

၂၃။ မည်သူမဆို ဤဥပဒေကိုအကြောင်းပြု၍ အောက်ပါပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်လျှင် ထိုသူအား သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တရားစွဲဆို၍ ပြစ်မှုထင်ရှားစီရင်ခံရပါက သုံးနှစ်မှ ခုနစ်နှစ်အထိ ထောင်ဒဏ်ကျခံစေရမည်-

(က) လာဘ်ပေး၊ လာဘ်ယူ ပြုလုပ်ခြင်း၊

(ခ) လာဘ်ပေး၊ လာဘ်ယူပြုလုပ်ရန် အားထုတ်ခြင်း၊

(ဂ) လာဘ်ပေး၊ လာဘ်ယူပြုလုပ်ရန် အားပေး အားမြှောက် ပြုလုပ်ခြင်း၊

(ဃ) ဤဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ အလွဲသုံးစားပြုလုပ်ခြင်း။

* ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၁၂ (ခ) အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)
## အခွန်အရကောက်ခံခြင်း

၂၄။ အခွန်ထမ်းသည် သတ်မှတ်ထားသည့်အချိန်အတွင်း သို့မဟုတ် တိုးမြှင့်ပေးသည့်အချိန်အတွင်း အခွန်နှင့်ဒဏ်ငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင် မပေးဆောင်သည့်ငွေကို မပြေကျန်ငွေအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ထမ်းကို ပျက်ကွက်သူအဖြစ်လည်းကောင်း မှတ်ယူပြီး အဆိုပါ မပြေကျန်ငွေကို ဝင်ငွေခွန် မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ မြို့နယ်အခွန်ဦးစီးဌာနမှူးကအရကောက်ခံရမည်။ ယင်းသို့အရ ကောက်ခံရာ၌ ဝင်ငွေခွန်ဥပဒေတွင် ပြဋ္ဌာန်းထားသော နည်းလမ်းများနှင့် လုပ်ပိုင်ခွင့်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးက သုံးစွဲရမည်။

## အခန်း(၁၄)
## အထွေထွေ

၂၅။ (က) ဥပဒေပုဒ်မ ၁၀ အရ တာဝန် လွှဲအပ်ခြင်း ခံရသူများသည် အောက်ပါတို့ကို ပြုလုပ်ခွင့် ရှိသည်-

(၁) သက်ဆိုင်ရာစည်းကြပ်မှု သို့မဟုတ် အယူခံမှုအတွက် မည်သည့်အဆောက်အအုံ နေရာ သို့မဟုတ် လုပ်ငန်းဥပစာကိုမဆို ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်၊

(၂) ထိုသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ၌ တွေ့ရှိသော စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများပေါ်တွင် မှတ်မိစေရန် တံဆိပ်အမှတ်အသားများ

www.burmeseclassic.com

www.burmeseclassic.com



ရိုက်နှိပ်ခွင့်၊ ယင်းတို့မှ ကောက်နုတ်ချက်များ ထုတ်ယူခွင့်နှင့် မိတ္တူကူးယူခွင့်၊

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ဤဥပဒေအရ ဆောင်ရွက်သည့် အမှုကိစ္စတစ်ခုခု၌ လိုအပ်မည့် စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများကို မတင်ဘဲနေသည်ဟုလည်းကောင်း၊ တောင်းဆိုသည့်အခါတွင် တင်ပြလိမ့်မည် မဟုတ်ဟု သော်လည်းကောင်း ယုံကြည်ရန် အကြောင်းရှိလျှင် ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးထံမှ ခွင့်ပြုချက် ရယူပြီးနောက် အောက်ပါတို့ကို ပြုလုပ်ခွင့်ရှိသည်-

(၁) မည်သည့်အဆောက်အအုံနေရာ သို့မဟုတ် လုပ်ငန်းဥပစာကိုမဆို ဝင်ရောက်ရှာဖွေခွင့်၊

(၂) ယင်းနေရာတို့တွင် တွေ့ရှိသော စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများကို သိမ်းဆည်းခွင့်၊

(ဂ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ (ခ) ပါ ကိစ္စကို အရေးတကြီးဆောင်ရွက်ရန် ပေါ်ပေါက်လာပါက ယင်းကဲ့သို့ ယုံကြည်ရန် အကြောင်းအချက်များကို စာဖြင့်ရေးမှတ်ပြီး သက်ဆိုင်ရာ မြို့နယ်တရားသူကြီးထံမှ ရှာဖွေဝရမ်း တောင်းခံ၍ ဆောင်ရွက်နိုင်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် တွေ့ရှိချက်များကို မြို့နယ်တရားသူကြီးနှင့် *ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် သက်ဆိုင်ရာ

---

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၃ အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူးတို့ထံ အမြန်ဆုံး အစီရင်ခံ တင်ပြရမည်၊

(ဃ) ပုဒ်မခွဲ (ခ) နှင့် (ဂ) ပါကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်လျှင် သက်ဆိုင်သော အခွန်ထမ်း သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်နှင့် သက်သေနှစ်ဦးတို့၏ ရှေ့မှောက်တွင် ဖြစ်စေရမည်။ စာရင်းစာအုပ်များ သို့မဟုတ် စာရွက်စာတမ်းများကို သိမ်းဆည်းခြင်းဖြစ်လျှင် လက်ခံရရှိကြောင်း ပြေစာ ထုတ်ပေးရမည့်အပြင် ယင်းတို့ကို စည်းကြပ်မှု သို့မဟုတ် အယူခံမှု မပြီးပြတ်သေးမီ စစ်ဆေးရန် လိုအပ်သောကာလ အထိသာ လက်ဝယ်ထားရှိရမည်။

၂၆။ ပြည်ထောင်စုအစိုးရ၏ စီးပွားရေးအဖွဲ့အစည်း၊ နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံ၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း တို့နှင့်စပ်လျဉ်း၍ စည်းကြပ်ကောက်ခံရန် နည်းလမ်းများကို စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။

BURMESE CLASSIC

*၂၇။ မည်သည့်နှစ်အတွက်မဆို ကုန်စည်တစ်မျိုးမျိုး နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတွင် နိုင်ငံခြားငွေပါဝင်ပါက ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အခွန်ကျသင့်စေရန် သတ်မှတ်နိုင်သည်။

၂၈။ (က) ဤဥပဒေပါ စည်းကြပ်မှုများအတွက် မှန်ကန်သော စာရင်းများကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ပြုစုထားရှိရမည်၊

---

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၅ အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



*(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ရငွေအမျိုးအစား တစ်ရပ်ရပ်အတွက်ဖြစ်စေ၊ အခွန်ထမ်း အမျိုးအစား တစ်ခုခုအတွက်ဖြစ်စေ ဤဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ)အရတောင်းခံသည့်အခါ တင်ပြနိုင်ရန် မည်သည့် အချက်အလက်များ ပါဝင်သည့်စာရင်းများ ထားရှိရမည် ကို အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။

**၂၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ထမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးဝန်ကြီးဌာနသည်-

(က) လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၃၀။ ပုဒ်မ ၄ ပါ ကိစ္စအလို့ငှာ မည်သူသည် *** ကုန်ထုတ်လုပ်သူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ဝန်ဆောင်မှုဆောင်ရွက်သူ၊ တင်သွင်းသူ ဖြစ်ကြောင်းကို လည်းကောင်း၊ ပုဒ်မ ၁၁ ပုဒ်မခွဲ (က) အရ မည်သူသည် လုပ်ငန်းမှတ်ပုံတင်ရန် လိုအပ်သူ ဖြစ်ကြောင်းကို လည်းကောင်း သတ်မှတ်ရန်ကိစ္စ ပေါ်ပေါက်လာလျှင် ပြည်တွင်း အခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

---

* ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၄ အရ အစားထိုးပြင်ဆင်သည်။

** ၂၀၁၁ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၁၅ အရ အစားထိုးပြင်ဆင်သည်။

*** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၆ အရ အစားထိုးပြင်ဆင်သည်။

www.burmeseclassic.com

www.burmeseclassic.com



*၃၁။ သွင်းကုန် တင်သွင်းမှုအပေါ် ကောက်ခံရရှိငွေမှ အပဖြစ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် မြန်မာကျပ်ငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရ အဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ် ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်သည်။

**၃၂။ ကုန်စည်ထုတ်လုပ်ခြင်း သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်ခြင်း သို့မဟုတ် တင်သွင်းလာသည့် ကုန်စည်ကို ပြန်လည်ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်ခြင်းဖြစ်ပါက ကုန်စည် ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် တင်သွင်းသူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သူသည် ကုန်သွယ် လုပ်ငန်းခွန်မကျသင့်မီ ရောင်းရငွေ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်မီ ဝန်ဆောင်မှုရငွေနှင့်အတူ ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူထံမှ အခွန်ကို တစ်ပါတည်း ကောက်ခံပြီး ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက် အထား ထုတ်ပေးခြင်းကို စည်းမျဉ်းများနှင့်အညီ ဆောင်ရွက် ရမည်။

BURMESE CLASSIC

သို့ရာတွင် အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးခြင်းကို စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၇ အရ ဖြည့်စွက်သည်။

** ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၇ အရ ဖြည့်စွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



*၃၃။ အထူးကုန်စည်များ ထုတ်လုပ်ရောင်းချခြင်းနှင့် ပြည်ပမှ တင်သွင်းခြင်းအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ် ရောင်းချစေခြင်းနှင့် ပတ်သက်၍ စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။

(ပုံ)

ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့။

* ၂၀၁၄ ခုနှစ်၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၁၇ အရ ဖြည့်စွက်သည်။

www.burmeseclassic.com